
www.burmeseclassic.com

မင်းလက်ရာ စာပေ




အကယ်ဒမီ ရုပ်ရှင်မင်းသား
ဒါရိုက်တာ
နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ

# ကိုကျော်သူ

မောင်ရွှေခေတ်

www.burmeseclassic.com

www.burmeseclassic.com






ဒေါင်း . . . ဆိုတာ ကမှ လှတယ်။

ငါး . . . ဆိုတာ ကူးခတ်နေမှ ပျော်မြူးတယ်။

ငှက် . . . ဆိုတာ တေးသီမှ အေးချမ်းတယ်။

မြွေ . . . ဆိုတာ အမြီးလေးနဲ့နေမှ ကြည်နူးတယ်

လူ . . . ဆိုတာ ဗြဟ္မစိုရ်တရား လက်ကိုင်ထားမှ

" ငြိမ်းချမ်းရေး " ကိုရမယ်။



www.burmeseclassic.com

www.burmeseclassic.com

အကယ်ဒမီရုပ်ရှင်မင်းသား၊ ဒါရိုက်တာ၊

နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ

# ကိုကျော်သူ

မောင်ရွှေခေတ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် ❋ ၂၀၁၄-ဩဂုတ်လ

အုပ်ရေ ❋ ၁၀၀၀

မျက်နှာဖုံး ဒီဇိုင်း ❋ နေဝင်းအောင်

အတွင်းဖလင် ❋ ကိုအေးလွင်

တန်ဖိုး ❋ ၁၅၀၀

ထုတ်ဝေသူ ❋ ဦးချစ်ညွန့် (ဇင်ရတနာစော စာပေ)
၂၀၅ (က/ခ) မြို့သစ်-အင်းစိန်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ❋ ဦးအောင်မြင့်သိန်း
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ်/၁၅၀-၄၇လမ်း
ဗိုလ်တထောင်မြို့နယ်

ထုတ်ဝေသည့်ကတ်တလောက်အညွှန်း ( CIP )

မောင်ရွှေခေတ် ၉၂၇. ၂
ကိုကျော်သူ မောင်ရွှေခေတ်ရန်ကုန်
ဇင်ရတနာစော စာပေ-၂၀၁၄
စာမျက်နှာ-၁၃၀၊ ၁၀. ၅ စင်တီ ×၁၆. ၅ စင်တီ
(၁) ကိုကျော်သူ


BURMESE CLASSIC

## မာတိကာ


အမှာစာ

၁။ ကန်လွန်ခဲ့သော အချိန်များစွာမှ . . . ၂

၂။ ရဟန်းအဖြစ်သည် အလွန်ရခဲပေစွ ၅

၃။ မဂ္ဂင်ယာဉ်ကြီး အတူစီးစေလိုတဲ့ စေတနာ ၉

၄။ များများပေးလှူချင်တဲ့ ကိုကျော်သူ ၂၂

၅။ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်
အလှူငွေတွေကိုလက်ခံခဲ့တဲ့ ကိုကျော်သူ ၂၉

၆။ မေတ္တာသုတ်ရွတ်နေတဲ့ တကယ့်ဘုန်းကြီးတွေကို
ဆွမ်းကပ်လို့ ၃၄

၇။ ဖေ့စ်ဘွတ်နှင့် ကိုကျော်သူ ၆၀

၈။ ညွှသည်ကို ညွှသည်ကိုကျော်သူက ကူညီလိုက်တဲ့
စိတ်၊ စေတနာ၊ မေတ္တာ ၆၃


www.burmeseclassic.com

www.burmeseclassic.com


၉။ ဖြစ်ရပ်မှန်ဇာတ်လမ်း ရိုက်ကူးချင်တဲ့ ကိုကျော်သူ ၇၀
၁၀။ ကိုကျော်သူပြောတဲ့ လူမှုရေးလုပ်ငန်းဆိုတာ ၇၈
၁၁။ နာရေးတစ်ခုတွင် ၈၈
ကိုယ်တိုင်ကိုယ်ကျ အလောင်းဝင်ထမ်းတဲ့ ကိုကျော်သူ
၁၂။ မြန်မာပြည်မှာ မွေး၊ မြန်မာပြည်မှာ ကြီး၊ ၉၁
မြန်မာပြည်မှာ သေတဲ့မသာ
သေကံမကောင်းကြပါကလား
၁၃။ ငါးနှစ်ကျော် ရုပ်ရှင်ရိုက်ခွင့် ပိတ်ထားခြင်းခံရတဲ့ ၉၉
ကိုကျော်သူ
၁၄။ ဂုဏ်ရည်ပြည့်ဝ နှလုံးလှတဲ့ ကိုကျော်သူ ၁၀၇
၁၅။ ကိုကျော်သူ့ဘဝပုံရိပ်များ ၁၂၇
ကျမ်းကိုး


BURMESE CLASSIC

# အမှာစာ

စာရေးသူ ငယ်စဉ်က ကြားဖူးခဲ့ ကာတစ်ခု ရှိ၏။ တခြားတော့ မဟုတ်။ခေတ်ရေစီး ကြောင်းကို ပြန်ပြောင်းကြည့်လျှင် ဟိုခေတ်ဟိုအခါက ( ူမှုအဆင့်အတန်း ခွဲခြားသတ်မှတ်ခဲ့ကြတာကို သတိပြုမိသေးသည်။

လူချင်းအတူတူ၊ လူတန်းစားချင်း ူပါလျက် တို့က မြင့်မြတ်သူ၊ သူတို့က နိမ့်ကျသည့်လူ ပ ၍ ခွဲခွဲခြားခြား ဆက်ဆံပြောဆိုကြပေသည်။ အချို့ဆိုပါက ဝ က ဂုဏ်ရှိသည်၊ သူတို့က ဂုဏ်နိမ့်သည်။ ကြက်မှာ အရိုး၊ လူမှာ အမျိုးဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

မျိုးရိုးဂုဏ်မတင့်တယ်သူများ ဟူ၍ သီးခြားခွဲကာ ဆက်ဆံပြောဆိုလေ့ရှိသည်ကို တွေ့ရသည်။ အထူးသဖြင့် စဏ္ဍာလဆို အမျိုးဇာတ်ယုတ်ညံ့သူဆိုကာ လူ့လောက၊ လူ့ဝန်းကျင်မှ ပယ်ထုတ်ထားတတ်ကြသည်။

စဏ္ဍာလဆိုတာ အမျိုးဇာတ်ယုတ်ညံ့သလို၊ ဒွန်းစဏ္ဍား၊ သုဘရာဇာ၊ သုသာန်စောင့် စသည့် လူတစ်စုအားလည်း နိမ့်ကျသောလူ့စာရင်းထဲ၌ထည့်ကာ ခွဲခြားမှုထားခဲ့၏။

ကျမ်းအစောင်စောင်ကို လေ့လာကြည့်သောအခါ၌ ဗုဒ္ဓသည်ပင် နှစ်ဥအခါက ဒွန်း(မ်း)စဏ္ဍားတည်းဟူသော သူတောင်းစားဘဝတွင် ရောက်ခဲ့ရဖူးသေးသည်။ ဘုရားလောင်းဒွန်းစဏ္ဍားသည် ဒိသာပါမောက္ခဆရာထံမှ အခါမရွေး သရက်ပင်တို့၌ အသီးကို ဖြစ်စေတတ်သော မန္တန်ကို ရသည် ဟူသည့် စာပိုက်သည်ကား မြတ်ဘုရားနှစ်ဥက သူတောင်းစားဘဝ ရခဲ့သေးသည် မဟုတ်ပါလော။ (တေမိယဇာတ်တော်ကြီးဝတ္ထု၌ရှု)

ခမောက်ခေါင်းဝယ်၊ အိတ်ကြီးလွယ်သည်၊ ကာပယ်ဒွမ်းစဏ္ဍားလျှင်တည့် ဟူသော ဦးပုည၏ ဗေဒင်ကဗျာပေါင်းချုပ်တွင်လည်း သူတောင်းစားပုံရိပ်ကို ကွက်ကွက်ကွင်းကွင်း မြင်အောင် ဖော်ကျူးခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

သုဘရာဇာ = သင်္ချိုင်း၌နေသူ၊ ဒွန်းစဏ္ဍား၊ သူတောင်းစား ဟူ၍ အနက်အဓိပ္ပာယ်ဖွင့်ခဲ့သော ဆရာဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်၌လည်း ပရမသင်္ဂြိုဟ်၊ မရွံ့မရှာ၊ သုဘရာဇာကဲ့သို့ ကိုယ်တိုင်ကိုင်တွယ် သုံးသပ်သော ရဟန်းသည် ဟု ပြဆိုညွှန်းခဲ့သည်။ ယင်းစာပိုဒ်မှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိဿ ပြည်ဆရာတော်၏ကျမ်း၌ ရှိနိုင်ကြောင်း သိရသည်။

သုဘရာဇာတို့သည် လူသေအလောင်းကို မရွံ့မရှာ ပယ်ပယ်နယ်နယ် ကိုင်တွယ်တတ်ကြောင်းကို အတိအလင်း ပြဆိုထား၏။ ဤအကြောင်းကြောင်းကြောင့် ပဝေသဏီကပင်လျှင် သုဘရာဇာဆိုလျှင် ဂုဏ်နိမ့်သည်၊ လူသေအလောင်းကိုင်သူ၊ မြေကျင်းတူးသူ၊ အလောင်းမြှုပ်သူ ဟူ၍ ခွဲခြားသတ်မှတ်ခဲ့ကြသည်။ ဖော်ဖော်ရွေရွေ ဆက်ဆံလိုစိတ်မရှိကြ။ လူ့အပယ်ခံများလို သဘောထားခဲ့ကြပေသည်။

စာရေးသူတို့ ငယ်ငယ်တုန်းက ကြားဖူးခဲ့သည်ဟူသော စကားကို ပြန်ကောက်ချင်ပါသေးသည်။ ထိုစဉ်က အထူးသဖြင့် ဖဆပလခေတ်ကာလလောက်က ဖြစ်မည်ထင်ပါသည်။ ယင်းအချိန်လောက်ကဆိုလျှင် သုသာန်သင်္ချိုင်းတို့၌ ကြီးစိုးလုပ်ကိုင်စားသောက်နေထိုင်သူများမှာ များသောအားဖြင့် လူ့အပယ်ခံလူများအဖြစ် သတ်မှတ်ခွဲခြားထားလေ့ရှိသည်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

အဆိုပါလူတစ်စုတို့အား သူတောင်းစား၊ စဏ္ဍာလ၊ သုဘရာဇာ၊ သချိုင်းစောင့်ဟူ၍ အမျိုးနိမ့်များအဖြစ် ခွဲခြား ဆက်ဆံခဲ့သည်။ ယင်းမျိုးရိုးဗီဇထဲသို့ ဝင်သွားမှာ၊ ရောက်သွားမှာ၊ သွတ်သွင်းခံရမှာ အလွန်စိုးကြသည်။ စဉ်းတောင်မစဉ်းစား ရဲသည့်ဘဝမျိုး ဖြစ်၏။ ကြက်မှာ အရိုး၊ လူမှာ အမျိုးဟု ဆိုကြသည်။ မျိုးရိုးမသန့်ဟု နှိမ့်နှိမ့်ချချရှိခဲ့ပေသည်။

ရန်ကုန်၊ ကြံတောသုသာန်ဆို အလွန်ထင်ရှား၏။ သုသာန်၌နေသူများသည်လည်း များသောအားဖြင့် ၎င်းတို့နှင့် ဆက်နွယ်သည့်လူတစ်စုသာ များသည်။ ထိုအထဲတွင် ဦးလူအေး ဆိုသူသည် အထင်ရှားဆုံး။ ကြံတောမှာ လူအေး၊ မင်္ဂလာ တောင်ညွန့်မှာ ဦးပန်ချာ ဟူ၍ နာမည်ကြီး လူသိများ ဖြစ်သည်။

စင်စစ် ၎င်းတို့ကား သုဘရာဇာမဟုတ်။ မြေကျင်းတူး၊ အလောင်းမြေမြှုပ်အလုပ် သူတို့မလုပ်။ သူတို့အလုပ်ကား ခေါင်းစပ်သည်၊ ရောင်းသည်၊ အသုဘယာဉ် (နိဗ္ဗာန်ယာဉ်) ငှားသည်။

နိဗ္ဗာန်ယာဉ်များကိုပင် ပထမတန်းစား၊ ဒုတိယတန်းစား၊ တတိယတန်းစားဟူ၍ ခွဲထားလိုက်သေးသည်။ အလွှာအသီးသီး၊ လူတန်းစားအသီးသီး ငှားနိုင်အောင် ပြုလုပ်ပေးထားခြင်းဖြစ်သည်။ အခေါင်းဆိုလျှင်လည်း ဖိတ်ဖိတ်လက်နေသည့် ကျွန်းခေါင်းအစစ်ကို ရနိုင်သည်။ ယခုခေတ်စကားနှင့်ပြောရလျှင် ရှယ်ကား၊ ရှယ်ခေါင်းပေါ့။

တစ်နေ့တစ်ရက်တွင် သူတို့အထဲက ကြော်ငြာသတင်း စကားတစ်ခု ထွက်လာသည်။ အချို့လူပျိုလူလွတ်များအတွင်း၌ဆိုလျှင် သတင်းစာထဲ၌ ထည့်ကြော်ငြာသည်ဟု ဆို၏။ အချို့ကဆိုလျှင် ဒီသတင်း အခိုင်အမာပဲဟု ထောက်ခံကြပါသည်။ ထိုစဉ်က စာရေးသူတို့မှာ ငယ်ရွယ်သူများဖြစ်သည့် အလျောက် သတင်းကြားရရုံပဲရှိသည်။ ဖတ်ခဲ့မိသည်မရှိ။

ကြော်ငြာတာက သည်လိုဖြစ်သည်ဟု သိရသည်။ ၎င်း၏သမီးကို အမျိုးကောင်းသားနှင့် ထိမ်းမြားပေးစားလိုသည်။ သမီးအား ယူမည့်သတို့သားရှိပါက ၎င်းအနေဖြင့် တိုက်တစ်လုံး၊ ကားတစ်စီး၊ ရွှေတစ်ဆယ်ကျပ်သား၊ ငွေလိုက သိန်းသုံးဆယ် လက်ဖွဲ့မည်ဟု ဆိုသည်။

ငွေသိန်းသုံးဆယ်ကား မနည်းလှ။ အနိမ့်စားအလုပ် သမားတစ်ဦး၏ တစ်လစဝင်ငွေမှာ ရှစ်ဆယ့်နှစ်ကျပ်ရှိသည်။ ရှစ်ဆယ့်နှစ်ကျပ်လစာကလည်း မိသားစု လေးငါးယောက်





www.burmeseclassic.com

www.burmeseclassic.com

အတွက် နေလောက်၊ စားလောက် လစာဖြစ်သည်။ သားသမီးတွေကိုလည်း ကျောင်းထားပေးနိုင်သေးသည်။ လူ့အဆင့်အတန်း မနိမ့်လှ။

ကားတစ်စီးဆိုသည်မှာလည်း ပါတီပါချက်ကား မထင်လိုက်နှင့်။ ထိုခေတ်က ဝန်ကြီးများစီးရသည့် ပထမတန်းစားကားဖြစ်သည်။

ထိုသတင်း၏နောက်ပိုင်း၌ မည်သူမည်ဝါ အတိအကျယူသည်ဟု သတင်းမကြားရ။ သတင်းအစအန မြုပ်သွားတော့သည်။ ဘယ်သူကမှလည်း ထိုကိစ္စကို ရေးကြီးခွင်ကျယ်လုပ်၍ မပြောကြတော့ချေ။

လူ့အခွင့်အရေးနိမ့်ပါးသူတို့အဖို့ သည်လိုနှင့်အဆုံးသတ်သွားရသည် ထင်ပါသည်။ နောင်၌ အစိုးရက သူတောင်းစားများ၊ သူဘုရားဇာများဟူ၍ မရှိရ။ တစ်တန်းတစ်စားတည်းဖြစ်ရမည်ဟု အမိန့်ထုတ်ပြန်ခဲ့သည်။ သူတောင်းစားပပျောက်ရေးကို ထိထိရောက်ရောက်လုပ်သည်။

ကိုယ်ရေပြားရောဂါရှိသူများကို ဆေးကုသခွင့်ပေးသည်။ ဆေးရုံဖွင့်ထားပေးသည်။ ထောက်ကြန့်ဘက်တွင် ရွာတည်ပေးသည်။ ဤသို့အခွင့်အရေးအမျိုးမျိုးပေးရင်း တစ်ဖက်



မှလည်း လူသေများအား မြေမြှုပ်ခြင်းထက် မီးသင်္ဂြိုဟ်ဖို့လုပ်လာသည်။ ကြံတောသင်္ချိုင်းတွင် မီးသင်္ဂြိုဟ်စက် လုပ်သည်။

မီးစက်ကျွမ်းကျင်သောဝန်ထမ်းတွေ ဝင်လာသည်။ မီးသင်္ဂြိုဟ်သောခေတ်စားလာသည်နှင့်အမျှ ရပ်ထဲရွာထဲရှိ အသုဘရှင်များ တဖြည်းဖြည်း အကျုံ့ရိုက်လာတော့သည်။ အလောင်း မီးစက်ထဲရောက်ရေးအတွက် နိဗ္ဗာန်ယာဉ်ကုန်သည် ဦးလူအေး၊ ဦးပန်ချာတို့ခေတ်ထက် ကုန်ကျစရိတ်က နှစ်ဆမက တက်နေသည်။ သေတမ်းစာရွက်ကလေးရဖို့ကပင် မလွယ်မလွယ်။

အသုဘအလောင်း မသင်္ဂြိုဟ်နိုင်သူများအတွက် အရော်အစားတွေ ပေါ်လာသည်။ သေသူ့အလောင်းကိုဝယ်ကာ ခုနစ်ရက် ခုနစ်လီ ဖဲဝိုင်းထောင်သည်။ ဖဲဒိုင်ခံသည်။

မသာရှင်မှာလည်း မိမိတို့ မတတ်နိုင်ကြသဖြင့် အရပ်ကိုအပ်ကာ 'ကြည့်လုပ်ပေးကြပါတော့' ဟု အသနားခံရတော့သည်။ လူမှုအကျပ်အတည်းကြီးကို ဘယ်သူမှမဖြေရှင်းပေးနိုင်ခဲ့။ အစိုးရ၊ အမှန်ပြောရရင် စစ်အစိုးရခေတ်တစ်ခေတ်လုံးပင် အစိုးရအနေဖြင့် ဖြေရှင်းပေးခဲ့တာ ဘာတစ်ခုမျှမရှိ။ 'သေသောသူသည် သုသာန်သို့ သွားသင့်သည်' ဆိုရိုးစကား



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း သူတို့ဖာသာလုပ်လိမ့်မည်၊ တို့အစိုးရအနေဖြင့် လေညှာက အနေသာကြီးပေါ့။

သည်သဘောဖြင့် လူမှုဘဝကို ပစ်ပယ်ထားခဲ့၏။

ဤအဖြစ်ဆိုး၊ ဤဘဝဆိုးကြီး ကယ်တင်လိုသော၊ ဖေးမလိုသော၊ ကူညီလိုသော ပုဂ္ဂိုလ်များ ပေါ်လာသည်။ ဆရာကြီးဦးသုခ ဦးဆောင်သည့် နာရေးကူညီမှုအသင်းတစ်ခု ဖြစ်လာသည်။ ဖြစ်လာသည်ဟုဆိုသော်လည်း လွယ်လွယ်တော့မဟုတ်။ ဆူးကြားထဲမှာ ဘူးသီးသီးရသလို အဖြစ်မျိုး။

ယခုတော့ အသင်းကြီးကို စတင်ပျိုးထောင်ခဲ့သည့် ဆရာကြီးဦးသုခလည်း မရှိတော့ပြီ။ တမလွန်ဘဝသို့ ကူးပြောင်းသွားခဲ့ပေပြီ။ အသင်းကြီးကို ဆက်လက်ရှင်သန်ဖို့၊ ဆက်လက်မြဲနိုင်ဖို့၊ ဆက်လက်တိုးတက်ဖို့ ကိုကျော်သူတို့ပဲ ရှိတော့သည်။

ရုပ်ရှင်မင်းသား ကိုကျော်သူ၊ စာရေးဆရာမ သန်းမြင့်အောင်တို့က အသင်း၏ တိုးတက်ရာတိုးတက်ကြောင်းကို ရှေ့ရှုကာ ကိုယ်ကျိုးစွန့် အနစ်နာခံ၍ စိတ်၊ စေတနာ၊ မေတ္တာ အပြည့်ဖြင့် သယ်ပိုးရွက်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ သာဓုခေါ်ထိုက်ပေစွ။

ကိုကျော်သူဆိုလျှင် သူ့ဘဝ သူ့ကမ္ဘာလေးထဲတွင် အေးအေးချမ်းချမ်း နေနိုင်ပေသည်။ ဘာမျှ ပူပင်စရာမရှိ။



သို့ရာတွင် လူမှုဘဝကို သူ မျက်ကွယ်မပြုနိုင်ရှာ။ သောကဖြင့် ကျလာသည့် မျက်ရည်စက်များကို သူ ကျော်ခိုင်းမထားနိုင်။ အပူကို ဖေးကူလိုပေသည်။

ကိုကျော်သူ အမြဲပြောသည့်စကားတစ်ခွန်း ရှိသည်။

**'ဘယ်သူ သမ္မတလုပ်လုပ်၊ ဘယ်သူ ဝန်ကြီးလုပ်လုပ်၊ ကျော်သူ စိတ်မဝင်စားဘူး၊ ကျော်သူ အသုဘချနေမှာပဲ'**

မှန်ပါသည်။ ကျော်သူ အသုဘချနေပါသည်။ ကျော်သူ လူမှုကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်နေပါသည်။ ကျော်သူ နာဂစ်မုန်တိုင်းကြားက ပြည်သူပြည်သားများကို ကူညီပါသည်။ ကျော်သူ ရခိုင်ပြည်နယ်က ဒုက္ခသည်များထံ သွားပါသည်။ ကျော်သူ လက်ပံတောင်းတောင်မှ မီးလောင်ဗုံးထိသည့် သံဃာတော်အရှင်မြတ်များထံ ရောက်နေသည်။ ကျော်သူ ကချင်ဒုက္ခသည်များထံ သွားခဲ့ပါသည်။ ကျော်သူ ရွှေဝါရောင်တော်လှန်ရေး သံဃာများအား ရေပူရေချမ်း ဆက်ကပ်လှူဒါန်းနေပါသည်။

ကိုကျော်သူ အချိန်နှင့်အမျှ ပြည်သူ့အတွက် အလုပ်အကျွေးပေးနေသည်။ ထိုနှင့်အမျှ မပြီးသေးပါ။ နာရေးကူညီမှုဖြင့် အားမရသေး။ မသေဆုံးခင် ကျန်းမာရေး အရေးကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

ဟု သိသည်။ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်ဖို့ ဆေးရုံ၊ ဆေးပေးခန်းတွေ တည်ဆောက်သည်။

တစ်ခုပြောစရာရှိသေးသည်။ ကိုကျော်သူ ဤသို့ အသုဘချ၊ မသာကား ကိုယ်တိုင်မောင်းပို့သဖြင့် အနုပညာသည် ညီအစ်ကိုမောင်နှမတစ်ချို့ကပင် အမြင်စောင်းကြသည် ဆို၏။ အချို့သောမင်းသား၊ မင်းသမီးတို့ကပင် ကိုကျော်သူနှင့် ရုပ်ရှင်တွဲမရိုက်ချင်။ ရုပ်ရှင်တွဲရိုက်ရင် နိမိတ်မကောင်းဘူးဟုဆိုကာ ငြင်းပယ်ကြသည်ဟု သိရပါသေးသည်။

ယင်းတို့က ဤသို့ဆိုပါလျှင် ၎င်းတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော ဘုရားဟောလက္ခဏာရေးသုံးပါးကိုပင် မသိကြလေရော့သလား မသိ။ ကိုယ်သည်ပင် အသုဘရုပ် ခန္ဓာကိုယ်ကြီး ဖြစ်နေသည်ကို မေ့လျော့နေသလား မပြောတတ်တော့ပါပေ။

အသုဘရုပ်ကြီး ပိုင်ဆိုင်သူမှန်သမျှ တစ်နေ့ သေကြရမည်။ မသေခင်စပ်ကြား အိုကြရမည်၊ နာကြရမည် မဟုတ်ပါလား။ သတ္တဝါမှန်ရင် ဒီဒုက္ခက ပြေး၍လွတ်ကြရမည် မဟုတ်။

မုချကေန်ပင်တည်း။



ဤတရား၊ ဤသဘောကို သိထားသည့် ကိုကျော်သူက ပရဟိတအလုပ်ကို တစိုက်မတ်မတ် လုပ်သည်။ ကိုယ့်အကျိုးအတွက် တစ်ဆုပ်တစ်ခဲမျှ မပါဘဲ စေတနာထားကာ လုပ်ခဲ့သည်။ အောင်မြင်သည်။ တိုး၍ကိုး၍ အောင်မြင်မှုတွေ ရလာသည်။

သည်တော့ မရှုစိမ့်သူတွေ ပေါ်လာသည်။ နာရေးကူညီမှုအသင်းကြီးကို အေးအေးပြတိုက်ဖို့ ကြိုးစားလာကြ၏။ အနုကြမ်းစီးဖို့ ကြံရွယ်လာကြ၏။ အနှောင့်အယှက်အမျိုးမျိုးပေးလာကြသည်။ အသင်းကြီး ပျောက်သွားအောင် ဝိုင်းတိုက်သည်။

သို့ရာတွင် ကိုကျော်သူကား မဘုန်လှုပ်၊ ဒူးမထောက်၊ လက်မမြှောက်ပါ။ ဆက်သွားမြဲသွားနေ၏။ မှန်ပါသည်။ လောက၌ စကားပုံတစ်ခုရှိ၏။ ခွေးကတော့ ဟောင်မြဲဟောင်နေမှာပဲ၊ လှည်းကတော့ ဆက်သွားမြဲသွားနေရမှာပဲတဲ့။

ခွေးဟောင်နေလို့ လှည်းကိုပ်ပစ်လို့ ဘယ်ဖြစ်ပါမလဲ။

ရှင်းပါသည်။ ကိုကျော်သူ၊ ကိုကျော်သူတို့၏ ပရဟိတလုပ်ငန်းတွေ အောင်မြင်လာသည့်အချိန်မှာ အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com

ပေးတာတွေ၊ အတုအပ ဂုဏ်တုဂုဏ်ပြိုင် လိုက်လုပ်တာတွေ ပေါ်လာပါသေးရဲ့။ ဒါပေသည့် အဲဒီပုဂ္ဂိုလ်တွေ ယနေ့ တွေ့ရသေးသလား၊ ရှိသေးသလား။ မမှန်ကန်သူတွေ၏ လုပ်ရပ်မှန်သမျှသည် ထုံးစံအတိုင်း ပျောက်ကွယ်သွားသည်မှာ ဓမ္မတာဖြစ်လေသည်။

ရှေးအခါကလည်း မာဂဓတိုင်း၊ မစလရွာ၌ လုလင်တစ်ဦး ရှိခဲ့ဖူး၏။ မာဃလုလင်ဟု အမည်ရှိ၏။ မာဃလုလင်သည် အလှူဒါနပြုသည်။ အများအကျိုး သယ်ပိုးသည်။

မာဃလုလင်နှင့်တကွ လုလင်ငယ်များ ညီညွတ်စွာဖြင့် လမ်းများပြုပြင်ခြင်း၊ ချိုင့်ခွမ်းများဖို့ခြင်း၊ တံတားများပြင်ဆင်ခြင်း စသော ပရဟိတကို အများစုပေါင်းရွက်ဆောင်သည်။ သူတို့သည် ရိုးသားသည်။ အာသာတရား ကိုင်းရှိုင်းသည်။ ဤသို့ လုပ်ဆောင်နေသည့်၊ ဦးဆောင်နေသည့် မာဃလုလင်အပေါ်၌ မျက်မုန်းကျိုးနေသူအချို့ ရှိခဲ့ဖူးလေသည်။

မာဃလုလင်သည် လူအင်အားစုနေသူ၊ ပုန်ကန်ခြားနားမည့်သူ၊ အာဏာလုမည့်သူဟု ဘုရင့်ထံ ကုန်းချောစကား ဆိုခဲ့ကြဖူးလေသည်။ သို့ရာတွင် နောက်ဆုံး၌ အမှန်တရားသာ အနိုင်ရခဲ့သည်။



မာဃသည် အာဏာလုမည့်သူ မဟုတ်။

မင်းလုပ်မည့်သူ မဟုတ်။

ကုသိုလ်ကောင်းမှုပြုသလို လူအများကိုလည်း ကုသိုလ်ကောင်းမှုပြုရန် သာ နှိုးဆော်သူဖြစ်သည့်အတွက် ထိုကုသိုလ်ကောင်းမှုအရှိန်အဝါကြောင့် သိကြားမင်းဦးမာဃဟူ၍ အထင်အရှား ရှိခဲ့လေသည်။

မှန်ပါသည်။ ကိုကျော်သူ့လက်ကိုင်ဆောင်ပုဒ်အတိုင်း **ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်တာဝန်ကိုယ်ကျေ၊ ကိုယ့်သီလ ကိုယ်လုံ** ပြီဆိုရင်ဖြင့် ကိုယ့်သမိုင်းလည်း လှပနေကြမှာပါပဲ ဟူ၍သာ ...။

မေတ္တာစိတ်ဖြင့်

**မောင်ရွှေခေတ်**




www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com


www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com


www.burmeseclassic.com









www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com





အသိတစ်လုံး အမြတ်ဆုံး၊
တစ်လုံးအသိ အကျိုးရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

## ကုန်လွန်ခဲ့သော အချိန်များစွာမှာ . . .

ကိုယ့်သက်တမ်းအလျှောက် ပြန်တွက်ကြည့်လိုက်မယ် ဆိုရင် လပေါင်းများစွာ နေခဲ့ပြီးပါပြီ။

လပေါင်းများစွာကာလခရီးကို ဖြတ်သန်းပြီးခဲ့ကြပါပြီ။

တစ်လကုန်သွားတဲ့အချိန်မှာ မမေ့မလျော့ အောက်မေ့ ဆင်ခြင်လိုက်ဖို့က သေဖို့ တစ်လနီးသွားပြီ ဆိုတာကိုပါပဲ။ တစ်လကုန်ပြန်ရင် သေဖို့ တစ်လနီးကပ်သွားပါပြီ။

နေတဲ့ဘက်မှာ တစ်လ လျော့သွားတာဟာ သေတဲ့ ဘက်ကို တစ်လ နီးကပ်သွားတယ်ဆိုတာ ဆင်ခြင်တတ်ဖို့ လိုပါတယ်။





မွေးဖွားချိန်ကစလို့ တရွေ့ရွေ့ အိုလာပြီ။

အိုရာကနေ သေဖို့နီးလာပါတယ်။ သက်ရှိအခြေအနေ၊ ဒီပုံစံ ဒီအနေအထားအတိုင်း ဘယ်တော့မှ တည်တံ့မနေဘူး။ တစ်လကုန်သွားရင် တစ်လစာ အိုသွားပြီ၊ တစ်နှစ်ကုန်ရင် တစ်နှစ် စာ အိုသွားခဲ့ပြီ။ တစ်ရက်၊ တစ်လ တစ်နှစ်ကနေ အခုဆိုရင် အနှစ်သုံးဆယ်၊ လေးဆယ်၊ ငါးဆယ်၊ ခြောက်ဆယ် အသီးသီးဖြတ်သန်းခဲ့ကြတဲ့ နှစ်တွေဟာ ကုန်လွန်သွားခဲ့ပါပြီ။

ကုန်လွန်သွားတဲ့အချိန်ကာလတွေကို ဘာနဲ့မှ ပြန်လဲ ယူလို့ မရနိုင်တော့ပါဘူး။ ကိုယ်ယူထားနိုင်တာ၊ ရလိုက်တာ တွေ ဘာများရှိကြသလဲလို့ တွက်စစ်ကြည့်ပါ။

ဥစ္စာရှာတဲ့သူက ဥစ္စာရပါတယ်၊ ပညာရှာတဲ့သူက ပညာရပါမယ်။ တရားရှာတဲ့သူက တရားရပါမယ်။ ကိုယ်ယူ ထားတာကိုပဲ ကိုယ်ရလိုက်ပါတယ်။ သေတဲ့ဘက်ဆီကို နီး မသွားအောင်တော့ ဆွဲထားလို့မရပါဘူး။

တရားအားထုတ်တယ်ဆိုတာ ကုသိုလ်တရား ရှာကြ တာပါ။ စီးပွားရှာနေတာလည်း မဟုတ်ဘူး အချိန်ဖြုန်းနေတာ လည်း မဟုတ်ပါဘူး။

ကုသိုလ်ရှာရင် ကုသိုလ်ရမှ ကိုယ့်အတွက် ကျမှာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကိုယ့်အတွက် အကျိုးရှိပါတယ်။ ကုသိုလ်ရှာချိန်မှာ ကုသိုလ်အရယူမှို့ လိုတယ်။ ကိုယ့်ရဲ့အချိန်ကို ကုသိုလ်နဲ့ လဲယူရပါမယ်။ ကုန်လွန်ခဲ့တဲ့အချိန်များစွာမှာ ကုသိုလ်တွေ ရယူထားဖို့ လိုပါတယ်။

ဓမ္မဒူတဒေါက်တာအရှင်ဇနကာဘိဝံသ



## ရဟန်းအဖြစ်သည် အလွန်ရခဲပေစွ

မြန်မာသက္ကရာဇ် ၁၃၄၈ ခုနှစ်၊ တပေါင်းလဆုတ် (၂)ရက်၊ တနင်္လာ (၁၆.၃.၁၉၈၇) နေ့တွင် ဖြစ်သည်။

ထိုနေ့ နံနက်(၇)နာရီတွင် ရုပ်ရှင်ဒါရိုက်တာ အောင်မြင့်မြတ်၊ ရုပ်ရှင်မင်းသားကြီး ကျော်ဖေ၊ ရုပ်ရှင်ကင်မရာဆရာ ဦးလှထွန်းနှင့် ရုပ်ရှင်မင်းသား ကျော်သူတို့သည် ပုပ္ပား ရွှေဥချောင် အောင်သိဒ္ဓိကျောင်း၌ သာသနာ့ဘောင်ဝင်ခဲ့ပေ၏။

အဆိုပါ ကျော်သူတို့အား ဆရာတော်ဦးပဏ္ဍိတနှင့် သံဃာတော်အရှင်မြတ်များက ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ ခံယူခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက် (၇)နာရီ (၅၀)မိနစ်တွင် သိမ်ဆင်းသည်။

သိမ်ဆင်းတွင် ကျော်သူ့ဖခင် ဦးစိန်တင်၊ မိခင် ဒေါ်မြသန်း၊ ဇနီး ဒေါ်မြင့်မြင့်ခင်ဖေနှင့် ရဟန်းခံသူတို့၏ မိသားစုတို့က လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ထို့နောက် သံဃာတော်အပါး (၃၀)နှင့်အတူ ဦးပဉ္ဇင်း ဦးကောသလ္လ (ဦးကျော်ဖေ)၊ ဦးပဉ္ဇင်း ဦးတေဇနိယ (ဦးလှထွန်း)၊ ဦးပဉ္ဇင်းဦးကုမာရ (ဦးကျော်သူ)တို့သည် နံနက်ဆွမ်းဘုဉ်း ပေးသည်။

ထို့ပြင် မန္တလေးမြို့မှ ဘုရားဖူးလာကြသော သဒ္ဓါ ကြည်လင် မန္တလာခင်တို့ကလည်း သတင်းကြားသဖြင့် ထို ကျောင်းတိုက်သို့ ရောက်ရှိလာကြပြီး ချိုချဉ်၊ မြေပဲယိုနှင့် ဝတ္ထုများကို လှူဒါန်းပူဇော်သွားကြ၏။

ယင်းကဲ့သို့ အလှူခံ၍ရရှိသော ဝတ္ထုများကို စုပေါင်းပြီး ဆရာတော်ဦးခေမာအား နဝကမ္မအလှူငွေအဖြစ် ဆက်ကပ် လှူဒါန်းခဲ့သည်။ ထိုနေ့တစ်နေ့တည်းမှာပင် ကျော်သူ၏သား မောင်ပြည်သိန်းကျော်ကလည်း ဖိုးသူတော်ဝတ်လေသည်ဟု ဆို၏။





ဤသတင်းကို ဖတ်ရှုရခြင်းအားဖြင့် ကျော်သူသည် ပြည်သူ ချစ်မြတ်နိုးသော အနုပညာကြယ်ပွင့်ဘဝကပင် အမျိုး၊ ဘာသာ၊ သာသနာ၌ လေးစားယုံကြည်ကြောင်းကို တွေ့ရှိ ရပါပေသည့်တကား။



www.burmeseclassic.com

www.burmeseclassic.com

စာမရီမည်သော ...
သားကောင်သည်
မိမိအမြီးများက တစ်စုံတစ်ရာသောအရာ၌
ငြိတွယ်နေလျှင်
ထိုသားမြီးများကို အပျက်အစီးမခံ
အသက်ကိုသာ အသေခံသကဲ့သို့...





## မဂ္ဂင်ယာဉ်ကြီး အတူစီးစေလိုတဲ့ စေတနာ

နာရေးကူညီမှုအသင်း(ရန်ကုန်) ဆိုတဲ့စာတန်းကို တွေ့လိုက်တာနဲ့ ဥက္ကဋ္ဌကိုကျော်သူရဲ့ရုပ်ပုံလွှာ ဖျတ်ခနဲ ပြေးမြင်ယောင်နိုင်ပါတယ်။

သူ့သရုပ်ဆောင်မှု၊ သူ့အနုပညာ၊ သူဒါရိုက်တာလုပ်ပြီး ရိုက်ကူးထုတ်လုပ်ခဲ့ဖူးတဲ့ ဇာတ်ကားတွေကို မေ့ကြမှာမဟုတ်ပါဘူး။ သူဟာ အောင်မြင်ကျော်ကြားခဲ့တဲ့ အနုပညာရှင်တစ်ဦးပါ။

အောင်မြင်ကျော်ကြားတဲ့ ဂုဏ်အရှိန်အဝါကိုယူပြီး ခန့်ခန့်ထည်ထည်နေမယ်ဆိုရင် အနေသာကြီးပါပဲ။ အေးအေးချမ်းချမ်း၊ ပြည့်ပြည့်စုံစုံ နေလိုက်ရုံပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ မနေနိုင်ရှာဘူး။ ဒီနေ့ ပြည်သူတွေ ဘာအလိုအပ်ဆုံး ဖြစ်နေသလဲ။ ဘာတွေအခက်အခဲဆုံး ရင်ဆိုင်နေကြသလဲ။ ဘာတွေအကူအညီပေးဖို့ အလျင်အမြန် လိုအပ်နေကြသလဲ စတဲ့ အတွေးတွေက သူ့ခေါင်းထဲ အမြဲရှိနေခဲ့ပါတယ်။ (အထူးသဖြင့် ဆင်းရဲကျပ်တည်းပြီး ဒုက္ခသုက္ခရောက်နေကြရရှာသော လူထုလူတန်းစားအများအတွက် ဖောင်းပေးတွေးခေါ်မေးတာမျိုး ပါတယ်။)

ဒါကြောင့်မို့လည်း ကိုကျော်သူဟာ ပြည်သူ့ဘဝ၊ ပြည်သူ့ရေ့က မားမားမတ်မတ် ရပ်တည်ပြီး ဆင်းရဲချမ်းသာ မရွေးကို ဖေးကူဖို့ သန္နိဋ္ဌာန်ချထားခဲ့သူ ဖြစ်ပါတယ်။

သူ့ရဲ့ မွန်မြတ်တဲ့အလုပ်ကြီးဟာ ဘယ်အထိ ခရီးပေါက်လာပြီဆိုတာ သိနိုင်လောက်ပါပြီ။ သံသရာခရီးတစ်ထောက်အတွက် အထောက်အပံ့ဖြစ်တဲ့ ရိက္ခာထုပ်ကြီးကို သူနဲ့အတူ ယူဆောင်သွားနိုင်ပြီလို့ ဒီလိုတောင် ပြောမယ်ဆိုရင် ပြောနိုင်ပါပြီ။

သူ့ရဲ့ တစ်ခေတ်တစ်ချိန်က အောင်မြင်မှု၊ ကျော်ကြားမှု အရှိန်အဝါတွေဟာ တမလွန်ဘဝခရီးမှာ ရိက္ခာထုပ်အစစ်အမှန် မဟုတ်ဘူးဆိုတာ သူ ကောင်းကောင်းသတိထားခဲ့ပါတယ်။





ဒီအောင်မြင်မှု၊ ကျော်ကြားမှု၊ ဂုဏ်ပါဝါတွေ၊ ရွှေ ငွေ ပစ္စည်း ဥစ္စာ ရတနာတွေ၊ ချစ်ဇနီး သားသမီးတွေ၊ တိုက်တာအဆောက်အဦတွေ၊ ကားတွေ စတဲ့ဟာတွေကို တစ်နေ့ ထားပစ်ခဲ့ရတော့မယ်၊ ခွဲခွာသွားရတော့မယ်၊ စွန့်ပစ်ခဲ့ရတော့မယ်လို့ သိလိုက်ရတဲ့ အသိကလေးက ကိုကျော်သူအဖို့ အင်မတန်တန်ဖိုးရှိတဲ့ အသိကလေးပါပဲ။

သာဓု ခေါ်ထိုက်ပါပေတယ်။

ဒါနဲ့ တစ်ဆက်တည်းပြောရမယ်ဆိုရင် ဒီကနေ့ နာရေးကူညီမှုအသင်းကြီးက ဆောင်ရွက်နေရတာဟာ နေ့စဉ်နှင့်အမျှ အသုဘကမ္မဋ္ဌာန်းတွေကို ရှုပွားနေရသလိုပါ။

ကူညီရာလည်း ရောက်၊ တရားလည်း ပေါက် ဆိုသလို အကျိုးရနိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဘယ်လိုလဲဆိုရင် 'မြင်ကွင်းအားလုံးဟာ ကြည့်တတ်ရင် တရားတွေချည်းပါပဲ' တဲ့။ 'မကြည့်တတ်လို့ကတော့ ဒေါသတွေ၊ အာဃာတတွေ၊ အမုန်းတွေ၊ ဣဿာမစ္ဆရိယတွေ၊ တဏှာရာဂတွေချည်း' ဖြစ်လာတတ်ပါတယ်။

ဒီတော့ ကမ္မဋ္ဌာန်းရန့် နေရီရီမှာ မွေးတတ်ဖို့ လိုပါတယ်။ ကိုယ်ကိုယ်တိုင်လည်း တစ်နေ့တစ်ရက်နဲ့ အသက်တွေကြီးကြီးလာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆံတွေ ဖြူလာတော့မယ်။

နားတွေ ထိုင်းလာတော့မယ်။

သွားတွေကျိုးလာတော့မယ်။

ခါးတွေကိုင်းလာတော့မယ်။

သေဘက် နီးလာပါပြီကောလို့ သတိသံဝေဂတွေရဖို့ လိုတယ်လေ။

နောက်ပြီး ရုတ်တရက် နာရေးဖြစ်ပေါ်လာတာမျိုးလည်း ရှိမှာ။ ဒီအခါမှာ ဩော် ... ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေနိုင်ကြတာပဲလို့ နှလုံးရှုမှတ်ရင်လည်း တရားပါပဲ။ ငိုကြွယ်ကြွ တမ်းတကြနဲ့ ပူဆွေးသောက ဗျာပါဒတွေ မြင်ရင်လည်း **'ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းက၊ ကွေကွင်းနောက်ဆုံး၊ ရှိချေသည်တကား'** လို့ တရားအမြတ် ရှာနိုင်ပါရဲ့။ ဒါကြောင့် မြင်ကွင်းကို ရိုးရိုးမကြည့်ဘဲ တရားနဲ့ယှဉ်ပြီး ကြည့်သွားရင်လည်း ဖြစ်ပါတယ်။

ဒီမှာ အလျဉ်းသင့်တယ်လို့ထင်တာကြောင့် **'ထေရီအဋ္ဌကထာ'** ထဲက **'ဒန္တိကာထေရီဝတ္ထု'** အကြောင်းကလေးကို နည်းနည်းထည့်ပြောချင်ပါသေးတယ်။ ဒန္တိကာထေရီတို့လို မြင်ကွင်းတစ်ခု မြင်ရုံမျှနှင့် တရားနဲ့ယှဉ်လိုက်တာကလေးကို အတုယူသင့်တယ် ထင်မိလို့ပါ။





"မြတ်စွာဘုရားလက်ထက်တော်အခါက ဒန္တိကာဆိုတဲ့ အမျိုးသမီးတစ်ယောက် ရှိခဲ့ဖူးတယ်။ သူ အရွယ်ရောက်လာတဲ့အချိန်မှာပဲ အနာထပိဏ်သူဌေးကြီး လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်ကြီး ရေစက်ချ အလှူကြီးနဲ့ ကြုံလိုက်ရတယ်ကွယ် ...

"အဲဒီရေစက်ချအလှူပွဲနဲ့ ကြုံကြိုက်လိုက်ရတဲ့ ဒန္တိကာဟာ သာသနာ့ဘောင်ကို ဝင်ချင်စိတ် ဖြစ်ခဲ့မိသတဲ့။ ဒါပေမယ့် ချက်ချင်း မဝင်နိုင်ခဲ့သေးဘူး။ ဒန္တိကာဟာ အဲဒီကျောင်း ရေစက်ချပြီးကတည်းက သာသနာ့ဘောင် လတ်တလော မဝင်နိုင်သေးပေမယ့် သရဏဂုံနဲ့ ငါးပါးသီလကိုတော့ အမြဲမပြတ် ဆောက်တည်ပါတယ် ...

"နောက်တော့၊ မိဘတွေဆီမှာ ခွင့်တောင်းပြီး မိထွေးတော်ဂေါတမီဆီမှာပဲ ဘိက္ခုနီမ ဝတ်သတဲ့။ ဘိက္ခုနီမ ဝတ်လိုက်လို့ ဒန္တိကာထေရီရယ်လို့ ဖြစ်လာတာပေါ့ ...

ဘိက္ခုနီမ ဖြစ်လာတဲ့ ဒန္တိကာထေရီဟာ ဆရာဥပဇ္ဈာယ်ဖြစ်တဲ့ မိထွေးတော်ဂေါတမီရဲ့ အဆုံးအမကို

www.burmeseclassic.com

www.burmeseclassic.com



နာကြားရပါတယ်။ အဲသလို နာကြားပြီး ဝိပဿနာတရားကို ကြိုးစားအားထုတ်ပါတယ်။ ဒါပေမယ့် စိတ်မတည်ငြိမ်ဘူး။ ဒီတော့ သမာဓိ မရဘူးလေ။ ဒီတော့ တရားအားထုတ်ရတာ အဆင်မပြေ ဖြစ်နေတော့တာပေါ့ …

"တစ်နေ့တော့ ဒန္တိကာထေရီဟာ ဂိဇ္ဈကုဋ်တောင်ပေါ်ကို တစ်ယောက်တည်း တက်လာခဲ့တယ်။ တောင်ပေါ်ရောက်တယ်ဆိုရင်ပဲ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲယာတွေကို ကြည့်နေမိပါတယ်။ အဲသလို ကြည့်နေရင်းမှာပဲ ဆင်တစ်ကောင်နဲ့ ဆင်ဆရာကို တွေ့မြင်လိုက်တယ်တဲ့ …

ဒန္တိကာထေရီကလည်း ကြည့်လက်စနဲ့ဆက်ပြီး ကြည့်နေလိုက်တာပေါ့။ ဆင်ဆရာကြီးက ချွန်းကို ကိုင်ပြီး 'ခြေထောက်ဆန့်' လို့ ခိုင်းလိုက်တယ်ဆိုရင်ပဲ ဆင်ကြီးကလည်း ခြေထောက်ဆန့်ပေးတယ်။ ဒီလို ခြေထောက်ဆန့်လိုက်တယ်ဆိုတော့ ဆင်ဆရာကြီးလည်း ဆင်ပေါ်ကို လွယ်လွယ်ကူကူပဲ တက်ရောက်နိုင်တာကို မြင်တွေ့လိုက်ရတာပေါ့ …





"ဒန္တိကာထေရီဟာ အဲ့သလို မြင်လိုက်ရတယ်ဆိုရင်ပဲ ဉာဏ်နဲ့ယှဉ်တဲ့အတွေးတွေ ရလိုက်ပါတယ်။ ဆင်ဆရာကြီးဟာ ချွန်းကိုင်ပြီးတော့ မယဉ်ကျေး၊ မလိမ္မာတဲ့ ဆင်ရိုင်းကြီးကို လူတွေရဲ့အလိုကို လိုက်အောင် ဆုံးမနိုင်သေးတာပဲ။ ပျံ့လွင့်နေတဲ့ ငါ့စိတ်တွေကို ဆုံးမရင် မရနိုင်ဘူးလား။ ရရမှာပေါ့။ ဝီရိယချွန်းနဲ့ ငါ့ရဲ့ ပျံ့လွင့်နေတဲ့စိတ်ကို ယဉ်ကျေးအောင် ဆုံးမရင် ရကိုရရမယ်လို့ သံဝေဂတွေ ရယူလိုက်ပါတယ် …

"ဒီနောက် ဒန္တိကာထေရီဟာ ဆင်နဲ့ ဆင်ဆရာကို ဥပမာယူပြီး ဝီရိယချွန်းနဲ့ စိတ်ဆင်ရိုင်းကို ဆုံးမလိုက်တာ စိတ်တွေ ကြည်လင်လာတော့တယ်။ စိတ်ကြည်လင်လေ သမာဓိရလေ ရှိလာတယ်။ သမာဓိရလာတာနဲ့အမျှ ဝိပဿနာတရားအားထုတ်မှု ကောင်းသထက်ကောင်းလာပါတယ်။ မကြာခင်မှာပဲ ရဟန္တာဖြစ်သွားပါတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို စာဖတ်သူတို့ ပြောမယ်ဆို ပြောစရာရှိပါတယ်။ ဘာလဲဆိုရင် ဒန္တိကာဝတ္ထုမှာ ဆင်နဲ့ ဆင်ဆရာတို့ကို ကြည့်ရုံနဲ့ တရားထူးတရားမြတ် ရတယ်ဆိုတာ ဘာများဆိုင်လို့လဲလို့ ထင်စရာရှိပါတယ်။

တွေးကြည့်မယ်ဆိုရင် ဟုတ်ပါတယ်။ ဒါပေမယ့် ဒန္တိကာထေရီက အဲသလိုအတွေးနဲ့ တွေးယူတာမဟုတ်ဘူး။ ဆင်နဲ့ ဆင်ဆရာတို့ရဲ့ မြင်ကွင်းကလေးကိုပဲ တကယ့်ကိုယ့်ဘဝ ဖြစ်စဉ်နဲ့ နှိုင်းယှဉ်ပြီး ကိုယ့်အတွက် တန်ဖိုးရှိရှိ အသုံးချလိုက်နိုင်တဲ့ သာဓကကလေးတစ်ခုကို ရလိုက်တာမဟုတ်ပါလား။

ဘာဖြစ်လို့လဲဆိုတော့ ကိုကျော်သူက ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ လ (၁)ရက်နေ့က **'နာရေးကူညီမှုအသင်း (ရန်ကုန်) ၁၁ နှစ်ပြည့် အခမ်းအနားမှာ စာနယ်ဇင်းမျိုးဆက်သစ်လူငယ်များနဲ့ လက်တွဲပြီး နာရေးကူညီမှုအသင်းကို အရှိန်အဟုန် ပိုမိုမြှင့်တင် ဆောင်ရွက်သွားမယ်လို့ ပြောကြား'** ခဲ့လို့ပါပဲ။

ဟုတ်ပါတယ်။

နာရေးပို့ဆောင်မှုကိုလုပ်ပြီး မဂ္ဂင်ယာဉ်ကြီး အတူတူစီးရအောင် ဖိတ်ခေါ်ပါတယ်ဆိုတဲ့ စေတနာကို အလေးထားမိပါတယ်။ နိဗ္ဗာန်မရောက်ခင်စပ်ကြားမှာ ဝါသနာ၊ အနုစ်နာ၊ စေတနာဆိုတဲ့ နာသုံးနာဟာ အမွန်မြတ်ဆုံးပါပဲ။





နိုဝင်ဘာလ ၂၅ ရက်၊ နေ့လယ် (၁)နာရီအချိန်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်) ရုံးချုပ်မှာ အခမ်းအနားကျင်းပခဲ့ပါတယ်။

အဲဒီအခမ်းအနားက အလှူငွေ ပေးအပ်လှူဒါန်းတာနဲ့ Honourable Member Card ပေးအပ်တဲ့ အခမ်းအနားပါ။

ဒီအခမ်းအနားမှာပဲ နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှာ ကျရောက်မယ့် နာရေးကူညီမှုအသင်း (ရန်ကုန်)ရဲ့ အသင်း (၁၁)နှစ်ပြည့် အခမ်းအနားကို စာနယ်ဇင်းမျိုးဆက်သစ်လူငယ်များနဲ့အတူ လက်တွဲပြီး နာရေးကူညီမှုအသင်းကြီးအား ယခုထက် အရှိန်အဟုန် ပိုမိုမြှင့်တင် ဆောင်ရွက်သွားမယ်လို့ အဆိုပြုသွားပါတယ်။

တစ်ဆက်တည်းမှာပဲ ကိုကျော်သူက ...

**"ကျွန်တော်တို့ ဒီနေ့ ၂၅.၁၁.၂၀၁၁ နေ့ဟာ အင်မတန် ထူးခြားတဲ့ နေ့ရက်တစ်ရက် ဖြစ်ပါတယ်။ ကြွရောက်လာတဲ့ ဧည့်ပရိသတ်များ၊ ဂီတပညာရှင်များ၊ စာနယ်ဇင်းဆရာ၊ ဆရာမများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ် ...**



www.burmeseclassic.com

www.burmeseclassic.com



“အခမ်းအနားဖြစ်မြောက်ရေးကတော့ ကိုဆောင်းဦးလှိုင်က စခဲ့တာပါ။ ကိုဆောင်းဦးလှိုင်က ကျွန်တော်တို့အသင်းမှာ အသင်းသားအဖြစ် ရပ်တည်ပြီး အများပြည်သူကို ကူညီချင်တယ်လို့ တောင်းဆိုလာတဲ့အတွက် ဖြစ်ပါတယ် …

“ဒီစကားကို ကြားတဲ့အချိန်မှာ ကျွန်တော် တော်တော်ကို အံ့အားသင့်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ နာရေးကူညီမှုအသင်း(ရန်ကုန်)က နိုင်ငံတော်ပုန်ကန်တဲ့အဖွဲ့အစည်းလည်း မဟုတ်၊ အစိုးရကို ဆန့်ကျင်နေတဲ့အဖွဲ့လည်း မဟုတ်ပါဘူး

“ဆင်းရဲချမ်းသာမရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး ကူညီပံ့ပိုးနေတဲ့ အသင်းတစ်သင်း ဖြစ်ပါတယ်”

လို့ တီတီပပ ဖွင့်ဟလိုက်ပါတယ်။

မှန်ပါတယ်။ ကိုကျော်သူတို့ရဲ့ နာရေးကူညီမှုအသင်းဟာ အယုတ်အလတ် အမြတ်မရွေး တစ်ပြေးညီ ပို့ဆောင်ပေးနေတဲ့ နိဗ္ဗာန်ယာဉ် စေတနာရှင်အသင်းကြီးပါပဲ။

ခရီးဝေးတာ၊ နီးတာ အဓိကမထားဘဲ ကူညီပါရစေ





(မှတ်ချက်။ ။ ရုံးမှာ၊ ရဲစခန်းမှာ၊ ဌာနဆိုင်ရာတွေမှာ ထင်သာမြင်သာ ချိတ်ဆွဲထားလေ့ရှိတဲ့ ‘ကူညီပါရစေ’ ဆိုင်းဘုတ်နဲ့ လုံး၀ (လုံး၀) မတူသော) ဆိုတဲ့ ဗိတ်ဓာတ်နဲ့ အပြေးအလွှား၊ အချိန်မကြန့်ကြာအောင် ကူညီခဲ့တာတွေကို လုပ်သားပြည်သူအများ အမြင်အတွေ့ပင် ဖြစ်ပါတယ်။

ကိုကျော်သူက ဆက်လက်ပြောရာမှာ …

“ကိုဆောင်းဦးလှိုင်တို့၊ ဦးရဲလွင်တို့က ကျွန်တော်တို့ဆီမှာ ဒီလို တစ်တပ်တစ်အား အများပြည်သူကို ကူညီပေးမတဲ့နေရာမှာ ကိုယ်ရောစိတ်ရော နှစ်မြှုပ်ပြီး ပါ၀င်ဆင်နွှဲမှာ သိတဲ့အတွက် အများကြီး၀မ်းသာပါတယ်။ ကိုဆောင်းဦးလှိုင်၊ ဦးရဲလွင်တို့ ဒီနေ့မှစတဲ့ လုပ်ရပ်ကြောင့် ဒီအသင်းအတွက် သွေးသစ်လောင်းပြီး အင်အားတွေ တိုးတက်လာတဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်”

လို့ ကြိုဆိုလိုက်တာကို ကြားလိုက်ရပါသေးတယ်။

ကိုကျော်သူအနေနဲ့ (၁၁)နှစ်တာကာလတိုင်တိုင် ဘ၀ကို နှစ်မြှုပ်ပြီးလုပ်ခဲ့တဲ့ လုပ်ငန်းကြီးမှာ ပခုံးပြောင်းတာ၀န်ယူကြမယ့် မျိုးဆက်သစ်လူငယ်တွေ တစ်တပ်တစ်အား ပါ၀င်လာဖို့ အများကြီး လိုအပ်ပါပေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို မွန်မြတ်တဲ့လုပ်ငန်း၊ အင်မတန်ကုသိုလ်ရတဲ့ လုပ်ငန်းဆိုတာကို များများသဘောပေါက်ဖို့ လိုပါတယ်။

အဲဒီနောက် ဆက်ပြီး ...

"ဒီနေ့ကစပြီး ဆင်းရဲချမ်းသာမရွေး၊ ဗုဒ္ဓဘာသာမရွေး၊ လူမျိုးမရွေးဘဲ ကူညီမှုတွေ၊ ဖေးမမှုတွေကို တိုးတက်ပြီးတော့ ကူညီနိုင်တော့မှာ ဖြစ်ပါတယ်။ ၁.၁.၂၀၀၂ ဆိုရင် (၁၁)နှစ် ပြည့်ပါပြီ။ (၁၁)နှစ်ပြည့်တဲ့ အခမ်းအနားမှာ မနှစ်ကလို အခမ်းအနားကြီးလုပ်ဖို့က အချိန်အခါကို နည်းနည်းကလေး စောင့်ပြီး ဧပြီလလောက်မှ ပွဲကြီးလုပ်ဖို့ ရှိပါတယ်။ အဆောက်အအုံတစ်ခုဆောက်ဖို့ အစီအစဉ်ရှိနေလို့၊ အဲဒါပြီးတော့မှ လုပ်ဖို့ရှိပါတယ်"

လို့ ကိုကျော်သူက အသင်းရဲ့လုပ်ဆောင်ချက် အကောင်အထည်ကိုပါ ထည့်သွင်းပြောကြားသွားပါသေးတယ်။

အသင်းကြီးရဲ့ ရည်ရွယ်ချက်လုပ်ငန်းစဉ်များကိုလည်း ဖြစ်ဖြစ်မြောက်မြောက် အောင်မြင်အောင် လုပ်ဆောင်နေတာက အထင်အရှားပင် မဟုတ်ပါလား။





နောက်ဆုံးအနေနဲ့ ဆက်ပြောတာကတော့ ...

"၁.၁.၂၀၁၂ မှာ (၁၁)နှစ်ပြည့်အခမ်းအနားကို မျိုးဆက်သစ်လူငယ် စာနယ်ဇင်းဆရာ၊ ဆရာမတွေနဲ့အတူ လက်တွဲပြီးတော့ နာရေးလုပ်ငန်းတွေကို လုပ်ချင်ပါတယ်။ မှတ်မှတ်ရရလေးဖြစ်သွားအောင် (၁၁)နှစ်မြောက်မှာ (၁၁)ကြောင်းမြောက် နာရေးလမ်းကြောင်းကို စာရေးဆရာတွေနဲ့ မျိုးဆက်သစ်စာရေးဆရာမများနဲ့အတူ လက်တွဲပြီး နာရေးကူညီမှုအသင်းကနေပြီး နာရေးပို့ဆောင်မှုကိုလုပ်ပြီး 'မဂ္ဂင်ယာဉ်ကြီး အတူတူစီးရအောင် ဖိတ်ခေါ်ပါတယ်"

လို့ ဖိတ်ခေါ်လိုက်တဲ့အသံပါပဲ။

မဂ္ဂင်ယာဉ် (သို့မဟုတ်) မဂ္ဂင်ဖောင်ကြီး အတူစီးသွားနိုင်ဖို့ဆိုတာကတော့ လူသားအားလုံး ဆယ့်တစ်မီးငြိမ်းမှ အတူစီးနိုင်မယ့် အဓိပ္ပာယ်ကို ဆောင်တယ်လို့ ထင်ပါတယ်။

ကိုကျော်သူက လောကလူသားတိုင်း၊ ပုထုဇဉ်တိုင်း ဆယ့်တစ်မီးငြိမ်းပြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူယှဉ်တွဲနေနိုင်စေလိုတဲ့ စေတနာကို မြင်တွေ့လိုက်ရသလိုပါပဲလို့ ပြောလိုက်ပါရစေတော့။



www.burmeseclassic.com

www.burmeseclassic.com



များများပဲလှူချင်တဲ့ ကိုကျော်သူ

"ကျွန်တော်တို့ လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်း လျှောက်ကွန်ရက်အဖွဲ့အနေနဲ့ ရေရှားတဲ့နေရာကို ရေလှူဖို့နဲ့ ကချင်မှာဖြစ်ခဲ့တဲ့ စစ်ဘေးဒုက္ခရောင်တဲ့သူတွေကိုလည်း ကူညီမယ်ဆိုပြီးတော့ ရန်ပုံငွေရှာတဲ့အနေနဲ့ မနက်စောစောပိုင်းတွေမှာ ရန်ကုန်မြို့တွင်းက လက်ဖက်ရည်ဆိုင်အများစုမှာ လိုက်လံဖျော်ဖြေပြီး အလှူငွေကောက်ခံခဲ့တဲ့အခါမှာ မမျှော်လင့်ဘဲ ငွေပမာဏတော်တော်များများ ရရှိခဲ့တယ် ...





"ဂီတနဲ့လာတဲ့အခါမှာ နောက်ဆုံးအနေနဲ့ မိတ္ထီလာမှာနေတဲ့ ပြည်သူတွေအနေနဲ့ ရခိုင်မှာ ကျရောက်နေတဲ့ ဘေးဒုက္ခသင့်နေတဲ့သူတွေအတွက် ကူညီချင်တယ်ဆိုလို့ မိတ္ထီလာကို သွားခဲ့ပါတယ်။ မိတ္ထီလာမှာ ကျွန်တော်တို့အဖွဲ့ ဂီတနဲ့ဖျော်ဖြေပြီး အလှူငွေကောက်ခံခဲ့တယ် ...

"သူတို့ကလည်း ကျွန်တော်တို့အဖွဲ့ကို ယုံကြည်တယ်။ ပြီးတော့ သူတို့ကလည်း မသွားနိုင်ဘူးဆိုပြီး ကျွန်တော်တို့အဖွဲ့ကနေတစ်ဆင့် လှူကြတယ်။ သူတို့ကတော့ ကျွန်တော်တို့ကို ယုံပြီး အလှူငွေတွေ အပ်ခဲ့တယ် ...

"ကျွန်တော်တို့အဖွဲ့အနေနဲ့လည်း မသွားနိုင်ဘူးဆိုပြီးတော့ သီချင်းဆို၊ ဖျော်ဖြေပွဲတွေ လုပ်ရာကတစ်ဆင့် ရရှိလာတဲ့ ဒီအလှူငွေတွေကို ဘယ်လိုလက်ဆင့်ကမ်းမလဲဆိုပြီး စဉ်းစားလိုက်တော့ ကိုကျော်သူကို ကျွန်တော်တို့ တွေ့တယ်။ ကျွန်တော်တို့နဲ့ ကိုကျော်သူကလည်း တစ်ဖွဲ့တည်း ဖြစ်နေတယ်။ ပြီးတော့ သူကလည်း ဒီလိုကိစ္စတွေ လုပ်နေတော့ သူ့ဆီကနေတစ်ဆင့် လှူမယ်ဆိုပြီး လုပ်ဖြစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဒီလိုငွေပမာဏအများကြီးလှူတာကို လက်ဆင့်ကမ်းရသလဲဆိုတော့ ယုံကြည်လို့ပေါ့မောင်"

လို့ 'လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်း' လူမှုကွန်ရက်မှ ဂီတပညာရှင် ဦးရဲလွင်က ပြောကြားသွားခဲ့တယ်လို့ သိရပါတယ်။

ဒီကနေ့ လူ့အဖွဲ့အစည်းကို ပြန်လည်သုံးသပ်ကြည့်လျှင် လူ့ဘောင်မှာ မရှိအပ်သော ပဋိပက္ခများ၊ အဓိကရုဏ်းများ၊ စစ်ဘေး စစ်ဒဏ်များ စသည်တို့ကို မလိုလား၊ မနှစ်မြို့ကြတာဟာ အထင်အရှားပင် ဖြစ်တယ်။

နာတာရှည်ပြည်တွင်းစစ်ကြီးကြောင့် လူမှုဒုက္ခသည် ပင်လယ်ဝေခဲ့ပြီးလေပြီ။

အိုးအိမ်တွေ ပျက်စီးခဲ့ရပြီ။ သားတစ်ကွဲ၊ မယားတစ်ကွဲ ဖြစ်ခဲ့ရပြီ။

သေကွဲ ရှင်ကွဲတွေ ကြုံခဲ့ရပြီ။ လူငယ်များ မတိုးတက်သည့်အပြင် ဘဝပျက်ခဲ့ကြရပြီ။

လူငယ်အများအပြား ဆေးခြောက်စွဲ၊ နံပါတ် ၄ (နံပါတ်ဖိုး) စွဲကာ အညွန့်တုံးခဲ့ရလေပြီ။ ပညာတတ်သော်လည်း အလုပ်လက်မဲ့ ဖြစ်ခဲ့ရသည်က များလေပြီ။





ဒီအဖြစ်၊ ဒီအကြောင်းများဟာ အကြောင်းကြောင်းကြောင့် ဖြစ်ခဲ့ရတာမဟုတ်။ အုပ်ချုပ်သူအစိုးရရဲ့ ညံ့ဖျင်းမှုကြောင့် ဖြစ်ခဲ့ရတာချည်းများပင် ဖြစ်ပါတယ်။

ယနေ့ သမ္မတကြီးဦးသိန်းစိန်လက်ထက် အစိုးရခေတ်မှာလည်း ၄င်းပြဿနာများကို ငြိမ်းနိုင်သမျှ ငြိမ်းအောင် လုပ်ဆောင်ပြီး ဒီမိုကရေစီ ရေစီးကြောင်းအတိုင်း သွားပါမည်ဟု ကြွေးကြော်ထားတယ်။

ထင်သာမြင်သာဒီမိုကရေစီလို့သာ ဆိုရပါမည်။ အထင်အရှားက ခပ်မှေးမှေး ခပ်မှိန်မှိန်ပဲ ရှိပါသေးတယ်။ ကချင်ပြည်နယ်တွင်လည်း မငြိမ်းချမ်း။ စစ်ဘေးရှောင်ဒုက္ခသည်များမှာ မိမိနေထိုင်ရာ၊ မိမိအခြေချရာ အိုးအိမ်များကိုစွန့်ပစ်ပြီး ဝေးကွာအရပ်တွေမှာ ရှောင်ပြေးပုန်းအောင်းနေကြရသေးတယ်။ တောထဲ တောင်ထဲမှာ ပုန်းအောင်းပြီး မြောက်ဥ သစ်ဥ သစ်ဖုများကိုသာ ပြုတ်ပြီး စားသောက်ရင်း ငြိမ်းချမ်းရေးကို မျှော်တလင့်လင့် ရှိနေခဲ့ရပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာလည်း ပဋိပက္ခအဓိကရုဏ်းများကြောင့် အိုးမဲ့အိမ်မဲ့များ များစွာဖြစ်ခဲ့ရတယ်။ အသေအပျောက်များစွာ ကြုံတွေ့ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့သောဒုက္ခအနေပေါင်းကို မတွေ့လို၊ မမြင်လို၊ မကြားလိုတဲ့ဆန္ဒဖြင့် 'လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်း' ဟူသော တေးဂီတအဖွဲ့ဟာ ပေါ်ပေါက်လာရပါတယ်။ လွတ်လပ်ခြင်းနဲ့ မသေွ တို့ပြေ (ပြည်) ဆိုသည်နှင့်အညီ ပြည်ထောင်စုတစ်ဝှမ်းလုံး ငြိမ်းချမ်းရေးပန်းတွေ ဝေပြီးနေတဲ့လမ်းကိုပဲ လျှောက်လှမ်းချင်ပါတယ် ဟူသော ရည်မှန်းချက်ဖြင့် ဖွဲ့ထားသော တေးဂီတလို့ ယုံစားမိပါတယ်။

ဂီတဖျော်ဖြေရာမှ ရရှိခဲ့သည့် ငွေကြေးအားလုံးကို ဝမ်းမြောက်ဝမ်းသာစွာနဲ့ နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ကိုကျော်သူထံသို့ အပ်နှံခဲ့ပေတယ်။ ကိုကျော်သူမှ တစ်ဆင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်များအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုပါဟုဆိုကာ ပေးအပ်လှူဒါန်းခဲ့ကြတယ်။

'လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်း' ဟူသော လူမှုကွန်ရက်မှ သိန်း (၁၈၀)ကျော် ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ဒေါက်တာကျော်သူက ဝမ်းပန်းတသာ လက်ခံပြီး ပီတိစကား မိန့်ကြားသည်မှာ ...





"ကျွန်တော့်ကိုတော့ ဦးရဲလွင်တို့က ပခုံးလွှဲပေးလိုက်ပြီ။ ကျွန်တော်တို့က နာရေးလည်း လုပ်ရတယ်၊ ပညာရေးလည်း လုပ်ရတယ်၊ သဘာဝဘေးအန္တရာယ်ပတ်သက်တာတွေလည်း လုပ်ရတယ်၊ စစ်ဘေးလည်း လုပ်ရတယ် ...

"အခုဆိုရင် ရခိုင်ဒုက္ခသည်တွေ ပြန်လည်ထူထောင်ရေးကိုလည်း လုပ်နေရတယ်။ ဦးရဲလွင်တို့ 'လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်း'အဖွဲ့က ယုံကြည်စွာ အပ်နှံလိုက်တဲ့ အလှူငွေတွေကို ရခိုင်ဒုက္ခသည်တွေဆီ ဥပမာအနေနဲ့ (၁၀၀)နီးပါးရောက်အောင် ကူညီပေးမယ်လို့ ကတိပေးပါတယ်။

"လေယာဉ်မငှားတာကလည်း ဒုက္ခသည်တွေလက်ထဲ အများဆုံးရောက်စေလိုတဲ့ ဆန္ဒနဲ့ပါ။ ဘာလို့လဲဆိုတော့ လေယာဉ်တစ်စင်းလုံးငှားရင် ပိုက်ဆံပိုကုန်တယ်။ ဒါကြောင့် ကျွန်တော်တို့က ကားနဲ့ပဲ ဒုက္ခခံသွားပြီး ရခိုင်ပြည်သူတွေကို များများလှူနိုင်အောင်လို့ပါ"

ဟု ဆိုခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခသုက္ခကို သာတူညီမျှ ခါးစည်းခံကာ များများလှူခဲ့ချင်သော ဒေါက်တာကျော်သူ၏ စေတနာအမှန်ဟာ ပေါ်လွင်နေပါတယ်။ 'လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်း'ရဲ့ ဦးရဲလွင်တို့ ပေးအပ်ခဲ့သော လှူဒါန်းငွေ စုစုပေါင်းမှာ တစ်ရာရှစ်ဆယ့်ငါးသိန်းခြောက်သောင်း (အမေရိကန်ဒေါ်လာ ၁၁၈ ဒေါ်လာ) (စင်ကာပူဒေါ်လာ ၅၀ အပါအဝင်) တို့ကိုပါ နာရေးကူညီမှုအသင်းကြီးသို့ ထပ်မံလှူဒါန်းနိုင်ခဲ့ကြောင်း သိရပါသေးတယ်။





## နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်အလှူကို လက်ခံခဲ့တဲ့ ကိုကျော်သူ

ကိုကျော်သူသည် လူမှုကိစ္စအဝဝတို့၌ အယုတ်အလတ်၊ အမြတ်မရွေး၊ အနိမ့်အမြင့် ဆင်းရဲချမ်းသာမကြည့်ဘဲ ကူညီပံ့ပိုးပေးရန် အစဉ်အမြဲ အသင့်အနေအထားမှာ ရှိနေသည်ကို အများ အသိ၊ အကြားပင်တည်း။

ထို့ပြင် အများသိသည့်အတိုင်းပင် မိမိအပေါ်၌လည်းကောင်း၊ မိမိဦးဆောင်နေသည့် အသင်းအပေါ်၌လည်းကောင်း၊ မိမိနှင့်ဆက်နွှယ်နေကြ မိတ်သင်္ဂဟအပေါင်းအပေါ်၌လည်းကောင်း နှိမ့်ချခြင်း၊ ငြိမ်းခြောက်ခြင်း၊ အပြစ်ပေးခြင်း၊ ဖမ်းဆီး



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ အကျဉ်းချထားခြင်း ရှိခဲ့ပေသည့် ကိုကျော်သူသည် မည်သည့်အခါမျှ ရန်သူဟူ၍ မသတ်မှတ်ခဲ့။ ဗြဟ္မဝိဟာရတရားကိုသာ လက်ကိုင်ထားသည်။

တစ်နည်းအားဖြင့် ဗြဟ္မစိုရ်တရားကိုသာ မြဲမြဲစွဲစွဲကြည့်သူဖြစ်သည်။

ချစ်ခြင်း၊ သနားခြင်း၊ ဝမ်းမြောက်ခြင်း၊ လျစ်လျူရှုခြင်းဖြင့် သူ့ကိုသူ စိတ်နိုင်အောင်မွေးထားသည် ဖြစ်သည်။ သူ့မှာ တစ်နေ့တစ်နေ့ များများကူညီနိုင်ဖို့၊ များများထောက်ပံ့နိုင်ဖို့၊ များများ လူနာရှင်တွေကို ဆေးဝါးကုသပေးနိုင်ဖို့၊ အကုသိုလ်အကျိုးဆက်တွေ နည်းနိုင်သမျှနည်းအောင် အားထုတ်လုံးပန်းနေရတာကြောင့် သူ့၌ ရန်သူ၊ မိတ်ဆွေ ဟူ၍မရှိ။ အသင်းအတွက် အကူအညီ အထောက်အပံ့ဆိုလျှင် ရန်သူရောမိတ်ဆွေပါ သူ့ရင်ထဲမှာ တစ်ပြေးညီထားတတ်ခဲ့ပေပြီ ဖြစ်သည်။

**ကံ၊ကံ၏အကျိုးကို ယုံကြည်သွားပါပြီ** ဟုဆိုသည့် နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်လည်း နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ငွေကျပ် ဆယ့်ငါးသိန်း လာရောက်လှူဒါန်းကြောင်း ဖတ်ရှုလိုက်ရပေသည်။ ၂၀၁၂ ခုနှစ်၊ မတ်လ၊ (၂၈)ရက်နေ့ နံနက်ပိုင်းက ဖြစ်သည်။





သတင်းအပြည့်အစုံမှာ ...

"နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေမိသားစုတို့သည်(၂၀၁၂) ခုနှစ်၊ မတ်လ၊ (၂၈)ရက်နေ့၊ နံနက်ပိုင်းက ရန်ကုန်မြို့၊ မြောက် ဒဂုံရှိ နာရေးကူညီမှုအသင်းရုံးခန်းသို့ ငွေကျပ် (၁၅)သိန်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည် ...

"အမေကြီး (၉၆)နှစ်ပြည့်အထိမ်းအမှတ်အနေနဲ့ လာရောက်လှူဒါန်းတာပါ။ နှစ်ဖက်ညီအစ်ကိုမောင်နှမတွေစုပေါင်းပြီး ငွေကျပ် (၁၅)သိန်း လှူခဲ့ပါတယ်။ မောင်ကျော်သူတို့ဇနီးမောင်နှံကလည်း တကယ်ကို တက်တက်ကြွကြွ လုပ်နေကြတယ်လေ၊ လှူချင်တာတော့ ကြာပါပြီ၊ အခုမှပဲ လာလှူဖြစ်ဟော့ပါတယ်"

ဟု နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်မှ ပြောဆိုသည်။

ရန်ကုန်မြို့၊ မြောက်ဒဂုံရှိ နာရေးကူညီမှုအသင်းရုံးခန်းတည်ရှိရာနေရာကို (၂၀၀၄)ခုနှစ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးခင်ညွန့် တာဝန်ထမ်းဆောင်နေစဉ်ကာလတွင် ပေးအပ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



နေရာဖြစ်ကြောင်းလည်း နှာရေးကူညီမှုအသင်းမှ ဒေါ်မြွေ ဦးကွက်မှ အစာည်ပြုပြောဆိုသည်။

ဟူ၍ အတွဲ ၃၊ အမှတ် ၈၂၊ လှုပ်တစ်ပြက်ဂျာနယ်မှ သတင်းသမား 'မင်းအောင်အောင်'၏ သတင်းတစ်ပုဒ်ကို ဖတ်ရှုခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ကိုကျော်သူသည် ၄င်းအနေဖြင့် တစ်ဦးတစ်ယောက်တည်းအပေါ်၌ ဘာစိတ် ဘာဆန္ဒမှမထား ချေ။ သံသရာအထိ ထိုအကြွေးကို ယူမသွားလို။ ဖြစ်နိုင်လျှင် ဒီလောက၊ ဒီဘဝ၌ပင် အမုန်းတရားများ၊ ဝဋ်ကြွေးများကို ထားရစ်ခဲ့ချင်သည်။

ထို့ကြောင့် ကုသိုလ်များများပါမည့် ကုသိုလ်တရား များ၊ ကုသိုလ်စိတ်ထားများထား၍ လှူဒါန်းလာသမျှကို လက်ခံ ကာ အကျိုးရှိရှိ၊ စိတ်ထားမှန်မှန် သုံးစွဲဖို့သာ ရှိလေသည်သာဟု ဆိုရချိမ့်မည်တကား။



အနုပညာရှင်...
ရုပ်ရှင်ဆိုတာက ပိတ်ကားထက်ကနေ
အများပြည်သူကို ငိုနိုင်းတယ်။
ရယ်ခိုင်းတယ်။
ဒေါသထွက်ခိုင်းတယ်။
ဒါတွေက...
အကုသိုလ်တွေလို့ ပြောလို့ရတယ်။
သေဆုံးသွားရင်
ငရဲဘုံတစ်ဘုံကို ရောက်တယ်။

---

ဩဝါဒစရိယဆရာတော်
ပြည်တွင်းပြည်ပကမ္ဘာ့ဗုဒ္ဓသာသနာပြု
အောင်သန်းဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာသုတ်ရွတ်နေတဲ့ တကာယ့်ဘုန်းကြီးတွေကို ဆွမ်းကပ်လို့

နာရေးကူညီမှုအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ကိုကျော်သူ (သို့မဟုတ်) ရုပ်ရှင်မင်းသားကျော်သူအား တွေ့ဆုံမေးမြန်းခန်းစာတစ်ပိုဒ်ကို ဖတ်ရှုခဲ့ရပေသည်။

ထိုအခန်းကဏ္ဍ၌ ကိုကျော်သူ၏ လူမှုရေးလုပ်ငန်းများစတင်လုပ်ကိုင်ဖြစ်ခဲ့ပုံများ၊ ဘဝဖြတ်သန်းမှုများ၊ ရွှေဝါရောင်သံဃာ့အရေးအခင်းတွင် ပါဝင်ပတ်သက်လာပုံများ စသည်များမှာ အလွန်စိတ်ဝင်စားဖွယ်များဖြစ်သည်ဟု ထင်ပါသည်။

ကိုကျော်သူ၏ ဖြေကြားချက်များသည် အထူးစိတ်ဝင်စားစရာ ကောင်းသလို၊ သူ့စိတ်၊ သူ့စေတနာ၊ သူ့မေတ္တာတရား





များ ရောင်ပြန်ဟပ်နေသည်ကို ထင်ထင်ရှားရှား လှမ်းမြင်ရဘိသကဲ့သို့ရှိသလို ဘာသာ၊ သာသနာအားလည်း ကြည်ညိုလေးစားရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

"အနုပညာရှင်တစ်ယောက်ကနေ လူမှုရေးလုပ်ငန်းတွေ လုပ်ဖြစ်ခဲ့ပုံလေးကို ပြောပြပေးပါ" ဟု မေးလိုက်သောအခါ၌ ကိုကျော်သူက ...

"အနုပညာရှင်ဘဝကနေ ၂၀၀၀ ခုနှစ်မတိုင်ခင်တုန်းက ကျွန်တော် စဉ်းစားတယ်။ ဘာကို စဉ်းစားမိလဲဆိုတော့ ကျွန်တော့် သားရယ်၊ သမီးရယ် နွေရာသီကျောင်းပိတ်ရက် တရားစခန်းဝင်ခိုင်းတယ်။ ယဉ်ကျေးလိမ္မာဖို့ရယ်၊ ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ ကိုယ့်စိတ်ကို နိုင်အောင်ထိန်းနိုင်အောင်။ ဒါတွေအတွက် လူ့ဘဝမှာ ဖြတ်သန်းဖို့အတွက် တရားစခန်းဝင်ခိုင်းခဲ့တယ်။"

ဟု ဖြေခဲ့သည်။

ဤအဖြေကို ကြားရရုံမျှနှင့်ပင် ကိုကျော်သူသည်



www.burmeseclassic.com

www.burmeseclassic.com



မည်ကာမတ္တ ဗုဒ္ဓဘာသာမဟုတ်မှန်းကို သိရှိနိုင်ပေသည်။ ဗုဒ္ဓဘာသာတရားတော်၌ လေးနက်ယုံကြည်သလို၊ ဗုဒ္ဓဘာသာဝင်မိကောင်းဖခင်တစ်ယောက်အဖြစ်လည်း ခံယူထိန်းသိမ်းနိုင်လိုသည်ဟု ဆိုပေလိမ့်မည်ဖြစ်သည်။

ဗုဒ္ဓ၏ အဆုံးအမသြဝါဒ၌ သင်္ဂါထာဝဂ္ဂသံယုတ် သင်္ဂါလောဝါဒသုတ်တွင် ဘုရားရှင်ကိုယ်တော်တိုင် မိဘဝတ္တရားငါးပါး ဟူ၍ သတ်မှတ်ပိုင်းခြား ဟောကြားတော်မူခဲ့ပေ၏။

**"အရှေ့အရပ် မည်သော မိဘတို့က သားသမီးတို့ကို စောင့်ရှောက်ခြင်း'** ဟူ၍ ပါရှိပါသည်။

ထိုတရားကို ဟောကြားရခြင်းအကြောင်းတရားမှာ အခါတစ်ပါး၌ လူသုံးပါးတို့အား ထားရာအစစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူထွတ်ထား မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၏အနီး ရှဉ့်နက်တို့အား အစာပေး၍ ကျွေးမွေးရာဖြစ်သည့် ဝေဠုဝန် ဥယျာဉ်ကျောင်းတော်၌ သီတင်းသုံးစံနေတော်မူစဉ် ဖြစ်သည်။

ထိုစဉ်က သင်္ဂါလအမည်ရှိသော သူဌေးသားသည် နံနက်စောစောထကာ ရာဇဂြိုဟ်မြို့မှ ထွက်ပြီးလျှင် စိုသောအဝတ်၊ စိုသောဆံပင်တို့ဖြင့် လက်အုပ်ချီလျက် အရှေ့အရပ်၊





တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်၊ အောက်အရပ်၊ အထက်အရပ် စသည့် အရပ်မျက်နှာတို့ကို ရှိခိုးလေ့ရှိ၏။

တစ်ခါသော် မြတ်စွာဘုရားသည် ဆွမ်းအလို့ငှာ ကြွသွားရာတွင် ထိုသတို့သားနှင့် ဆုံစည်းမိသဖြင့် ရှိခိုးခြင်း အဓိပ္ပာယ်ကို မေးမိ၏။

သူဌေးသားကလည်း ၄င်း၏ဖခင် မကွယ်လွန်ခင်က မှာကြားထားခဲ့သည့်အတိုင်း ပြုရပါသည်ဟု ပြန်လည်လျှောက်ကြားထားလေသည်။

ထိုအခါ မြတ်စွာဘုရားသည် …

**အမောင်သင်္ဂါလ …**

**သားသမီးတို့က ဤငါးပါးသောအကြောင်းအင်္ဂါလက္ခဏာတို့ဖြင့် ပြုလုပ်ကျွေးထားအပ်ကုန်သော အရှေ့အရပ်မည်သော မိဘတို့ကလည်း ငါးပါးသော အကြောင်းအင်္ဂါလက္ခဏာတို့ဖြင့် သားသမီးတို့ကို ပြုစုချီးမြှောက် စောင့်ရှောက်အပ်ကုန်၏။ မိဘတို့သည် သားသမီးတို့ကို …**

**၁။ မကောင်းမှုမပြုအောင် ဆုံးမတားမြစ်ကြကုန်**



www.burmeseclassic.com

www.burmeseclassic.com



ရာ၏။

၂။ ကောင်းသောအမှုတို့ကို ပြုလုပ်အောင် အားပေး တိုက်တွန်းကြကုန်ရာ၏။

၃။ အသက်မွေးလွယ်ကူကြောင်း ကောင်းသောပညာ များကို လေ့လာသင်ကြားစေမှု ပြုကြကုန်၏။

၄။ သင့်လျော်သော သတို့သား၊ သတို့သမီး တို့နှင့် လက်ထပ်ထိမ်းမြားပေးကြကုန်ရာ၏။

၅။ သင့်လျော်လျောက်ပတ်သော အချိန်အခါ၌ အမွေ ဥစ္စာကို ခွဲဝေပေးအပ်ကြကုန်ရာ၏။

အမောင်သင်္ဂါလ သားသမီးတို့ကလည်း အမိအဖ များကို ပြဆိုခဲ့သည့်အတိုင်း သားသမီးတို့၏ ကျင့်ဝတ် တရားငါးပါးနှင့်အညီ တာဝန်ကျေအောင် ပြုစု ချီးမြှောက် စောင့်ရှောက် လုပ်ကျွေးကြမည်ဆိုပါက အရှေ့အရပ် မျက်နှာသည် လုံခြုံ၏။ ဘေးကင်း၏။ သာယာငြိမ်းချမ်း၏။

ဟူ၍ ဩဝါဒပေးတော်မူသည်ကို ဖတ်ဖူးမှတ်ဖူး၏။ မိဘတို့ဟူသည် မိမိ၏သားသမီးတို့အပေါ်၌ မွေးဖွားရုံ

မင်းလက်ရာစာပေ



နှင့်မပြီး၊ စာပေသင်ကြားပေးရုံမျှနှင့်မပြီး၊ အိမ်ထောင်ရက်သား ချပေးရုံနှင့်မပြီး၊ အမွေပေးခဲ့ရုံနှင့် မပြီးပါ။

သားကောင်း သမီးကောင်းဖြစ်ဖို့လည်း ဘာသာ၊ ယဉ်ကျေးလာအောင် ပြုစုပျိုးထောင်ပေးသင့်ပေသည်။ သို့မှသာ မိဘဘက်က တာဝန်ကျေမည်ဖြစ်သည်။

ကိုကျော်သူသည်လည်း ကိုယ်တိုင်ကပင် ဗုဒ္ဓဘာသာ ဝင် ဖြစ်သလို၊ ဘာသာတရားကိုင်းရှိုင်းပြီး ဖြစ်သည်။ မိမိ၏ ရင်သွေးငယ်များကိုလည်း မိမိကဲ့သို့ အမျိုး၊ ဘာသာ၊ သာသနာ ကို ယုံကြည်ဆည်းကပ်စေရန် ထိန်းကျောင်းပြုပြင်ပေးခဲ့သည်မှာ ယုံမှားဖွယ်မရှိပါချေ။

သာဓုခေါ်ထိုက်ပေစွ ...။

ကိုကျော်သူက ဆက်လက်ပြောကြားရာ၌ ...

"ဆရာတော်ကြီးကို သမီးက မေးတယ်၊ အနု ပညာရှင်၊ ရုပ်ရှင်သမားတွေ သေရင် ဘယ်ဘုံ ရောက်လဲဆိုတော့ ဆရာတော်ကြီးက ပြန်ဖြေတယ်၊ အနုပညာရှင်၊ ရုပ်ရှင်ဆိုတာက ဗိတ်ကားထက်ကနေ အများပြည်သူကို ငိုနိုင်းတယ်၊ ရယ်နိုင်းတယ်၊ ဒေါသ

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထွက်နိုင်းတယ်၊ ဒါတွေက အကုသိုလ်တွေလို့ ပြောလို့ရတယ်။ သေဆုံးခဲ့ရင် ငရဲဘုံတစ်ဘုံကို ရောက်တယ်။ အဲဒါကို ကျွန်တော် ကြားတယ်။ ဆရာတော်ကြီးကလည်း စာအုပ်ထုတ်တဲ့အချိန်မှာ ဒီအကြောင်းတွေ ပါတယ်။ အဲဒီမှာ ကျွန်တော် တွေးမိတယ်။ တရားတော်စာအုပ်တွေ၊ တရားတွေမှာတော့ ဒီတော့ လူတစ်ယောက်ရဲ့ တန်ဖိုး၊ လူဖြစ်ရကျိုးနပ်အောင် ဘယ်လိုလုပ်မလဲလို့ စဉ်းစားမိတယ်။

"ကိုယ့်ကျေးဇူးရှင်တွေကို ဘယ်လိုဆပ်မလဲ စဉ်းစားတယ်။ ကိုယ့်ကို အများပြည်သူပရိသတ်က ငွေကြေးပိုင်းနဲ့ သားသမီးတွေကို ပညာတတ်အောင် လုပ်ပေးခဲ့တဲ့ ကျေးဇူးတွေ၊ မိသားစုဘဝ ပြည့်စုံအောင် လုပ်ပေးတဲ့ ကျေးဇူးတွေ ဘယ်လိုဆပ်မလဲ စဉ်းစားခဲ့တယ်။

"ကျွန်တော့်အမျိုးသမီးက သူ့အဒေါ် ဒေါ်လှမြတ်ဆိုတာက မန္တလေးမှာ နာရေးကူညီမှုအသင်း(ရုံးကုန်)ထက် နှစ်နှစ်၊ သုံးနှစ်လောက်စောပြီး မြဟ္မစိုရ်မှာရေးကူညီမှုအသင်းဆိုတာ ဖွင့်ထားတယ်။ အဲဒီမှာ သူက





နာယကဖြစ်တယ်။ အဲဒီမှာ နာရေးကူညီမှုနဲ့ဆိုင်တဲ့ လုပ်ငန်းတွေကိုသိပြီး စိတ်ဝင်စားနေချိန် ဘဘဦးသုခကလည်း နာရေးကူညီမှုအသင်းထောင်မယ်လို့ လုပ်နေတဲ့အချိန်မှာ ဘဘဦးသုခအိမ်ကိုသွားပြီး ငွေလှူရင်း အဲဒီအလုပ်ကို လုပ်ဖြစ်သွားတာပေါ့"

ဟူ၍ ခရေစေ့တွင်းကျ ရှင်းပြသည်ကို သတိပြုမိခဲ့သည်။

ကိုကျော်သူ၏ လမ်းရွေးချယ်မှုကလေးသည် လွန်စွာမှပင် စိတ်ဝင်စားစရာကောင်းပါသည်။ သူ့အနေဖြင့် ပြည်သူချစ်သော အနုပညာရှင်တစ်ယောက်ဖြစ်သည်။ သရုပ်ဆောင်ကောင်းသည်။ အကြမ်းအနု ရသည်။ ပရိသတ်များကို ငိုအောင်၊ ရယ်အောင်၊ ပြုံးအောင်၊ ဒေါသထွက်အောင် ဖန်တီးနိုင်စွမ်းရှိသည်။

ဒါရိုက်တာအဖြစ်လည်း ဇာတ်ကားများ ရိုက်ကူးခဲ့သေးသည်။ သူဖန်တီးပြသခဲ့သော ဇာတ်လမ်းဇာတ်ကွက်များကို ရုပ်ရှင်ကြည့်ပရိသတ်များ တသသွဲမက်ခဲ့ကြသည်သာဖြစ်သည်။

အောင်မြင်သောအနုပညာရှင်တစ်ယောက်အနေဖြင့်

www.burmeseclassic.com



သူ မာန်တက်မည်ဆိုက မာန်တက်နိုင်၏။

သို့သော် သူ မာန်မတက်။ တိုတောင်းလှသော လူ့ဘဝကလေးအတွင်းတွင် သူ ဘာတွေ လုပ်သင့်သည်၊ ဘာတွေ ပေးဆပ်သင့်သည်ကို သူ ရွေးချယ်သည်။ လူသည် မသေခင် ကိုယ့်သမိုင်းကိုယ် ရေးကြသူများဖြစ်၏။ ကောင်းတာလုပ်ရင် ကောင်းသည့်သမိုင်း မှတ်ကျောက်အတင်ခံရမည်။ လူ နှုတ်ချစ်ခင်မှုကို အထူးရရှိမည်။

မကောင်းသောအကျင့်၊ မကောင်းသောအမှု၊ မကောင်းသော ဖိနှိပ်မှု လုပ်လို့ကတော့ သွားပေရော့ပဲ။

ရှင်ကျေယ်ရယ်၊ ခွေးတစ်ကောင်ရယ်၊ ဆိုင်းဘုတ်တစ်ချပ်ရယ် ကျန်ရစ်မည်ဆိုတာ အဲဒီလိုလူမျိုး။

"အစကတော့ နာရေးပဲ။ ဘာဘမဆုံးခင် သုခကုသိုလ်ဖြစ်ဆေးခန်းကို ဖွင့်တယ်။ တစ်ကြိမ်တည်း အသက်နှစ်ချောင်းကယ်တယ်ဆိုပြီး ခွဲစိတ်မွေးဖွားမှုပိုင်း၊ ဆေးကုသမှုပိုင်းကို လုပ်ခဲ့တယ်။ အဲဒီနောက်မှ သုခအလင်း၊ ရေဆား၊ သဘာဝဆေးတွေဖြစ်တဲ့နေရာ ကူညီတာတို့၊ Ambulance ကားနဲ့ လူနာတင်တာပါ





လုပ်ကိုင်ခဲ့တာပေါ့"

ဟု ကိုကျော်သူက ဆက်၍ရှင်းပြသည်။

ဤလုပ်ငန်းပမာဏကြီးကို စိတ်မှန်းဖြင့် ကြည့်ရုံမျှနှင့် ပင်လျှင် မလွယ်ကူနိုင်ကြောင်းကို သိနိုင်လောက်ပြီ ထင်ပါသည်။ အချိန်နှင့်တစ်ပြေးညီ လှုပ်ရှားနေရသော လုပ်ငန်းကြီးဖြစ်သည်။ နေ့ညမဟူ (၂၄)နာရီစလုံး လူမှုဒုက္ခတွေက တန်းစီနေမည်ဖြစ်၏။ သူ့တွင် မဟုတ်။ သူနှင့် စိတ်တူ ကိုယ်တူ ဆန္ဒတူ ရဲဘော်ရဲဘက်များသည်လည်း အလားတူ ကိုယ်စိတ်နှစ်ပါးနှစ်မြှုပ်လျက် အလုပ်လုပ်နေကြမည်တည်း။

စီးပွားရေးကိုပင် မျက်ကွယ်ပြုနိုင်တဲ့ ကိုကျော်သူသည် နာရေးကူညီမှုအသင်းလုပ်၍ စီးပွားရေးဈေးကွက် တွက်မည်ဆိုလျှင် ,ဘာအကျိုးအမြတ်မရှိကြောင်းကို တွက်မိပြီးဖြစ်သည်။

သို့သော် အကျိုးအမြတ်ကို ကိုကျော်သူက လုံးဝ မမျှော်ကိုး။ သူ့ ကျေးဇူးဆပ်သင့်၊ ဆပ်ထိုက်သော ပရိသတ်ကို သူ ပေးဆပ်လိုသည်။ ပေးဆပ်သည်။ ပေးဆပ်မည်။

ထို့ကြောင့် မေးခွန်းတစ်ခုကို ဖြေဆိုရာတွင် ...



www.burmeseclassic.com

www.burmeseclassic.com



"အဓိကတွန်းပို့တာက ပရိသတ်ကို ကျေးဇူးဘယ်လိုဆပ်မလဲဆိုတာရယ်။ ကျွန်တော့်အမျိုးသမီးရွှေဇီးကွက်ရဲ့တွန်းအား ပါတယ်ပေါ့။ ဒီလူမှုရေးပရဟိတလုပ်ငန်းကို အားပေးလို့ လုပ်ဖြစ်တာ။ နို့မို့ဆိုရင် အိမ်ထောင်တစ်ခုမှာ ယောကျ်ားဖြစ်သူက ဘာစီးပွားမှမရှာဘူးဆိုရင် ဒီအိမ်ထောင်ရေးက ဘယ်လိုမှအဆင်ပြေမှာ မဟုတ်ဘူး။ အခုဆိုရင် အနုပညာအလုပ် မလုပ်ရပေမယ့် ကိုယ်တွေက နဂိုကတည်းက မိဘမျိုးရိုး ငွေကြေးအသင့်အတင့်ရှိတယ်။ ဒီစုဆောင်းထားတဲ့ ငွေကြေးကြောင့် ဒီလိုလုပ်နိုင်တာပါ။ ၂၀၀၁ ကတည်းက အခုချိန်အထိ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ထမင်းဝယ်စားရတယ်။ တက္ကစီကို ကိုယ့်ဘာသာငှားပြီး အသင်းကို လာရတယ်။ အသင်းဆီက ဘာမှရပိုင်ခွင့် မရှိဘူး။ အသင်းကိုသာ ပေးဆပ်နေရတာပေါ့နော်"

ဟု ကိုကျော်သူက ပြောဆိုသည်။

ဇနီးမောင်နှံ၏ စိတ်နေမြင့်မြတ်မှုကို ဒီနေရာမှာ သတိ





ထားမိသည်။ ရှေ့သွားနောက်လိုက် ညီမှသာ လုပ်နိုင်မည့် အလုပ်ဖြစ်သည်။

မှန်ပါသည်။ အိမ်ထောင်စုတစ်စုတွင် အိမ်ထောင်ဦးစီးဟုဆိုအပ်သော ယောကျ်ားသည် အလုပ်မရှိဘဲ၊ အလုပ်မလုပ်ဘဲ၊ ဝင်ငွေမရှိဘဲနေလျှင် ဘယ်ဇနီးမယားကမှ ခွင့်လွှတ်နိုင်ကြမည် မဟုတ်။

အိမ်ထောင်ပြိုကွဲရုံသာ ရှိမည်ဖြစ်၏။

ယခု ကိုကျော်သူ၏ဇနီး မရွှေဇီးကွက်မှာမူ အလုပ်မလုပ်သည်ကိုပင် အပြစ်မပြော။ တွန်းအားပင် ပေးလိုက်သေးသည်။ နာရေးကူညီမှုအသင်း၏ တာဝန်အချို့ကိုပင် ကိုယ်တိုင်ကိုယ်ကျလည်း ဝင်ရောက်စွမ်းဆောင်ပေးခဲ့လေသည်။

ကိုကျော်သူ့စကားထဲ၌ "၂၀၀၁ ကတည်းက အခုချိန်အထိ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ထမင်းဝယ်စားရတယ်။ တက္ကစီကို ကိုယ့်ဘာသာကိုယ်ငှားပြီး အသင်းကိုလာရတယ်။ အသင်းဆီက ဘာမှရပိုင်ခွင့်မရှိဘူး။ အသင်းကိုသာ ပေးဆပ်နေရတာပေါ့နော်" ဟူသော အသုံးအနှုန်းကို တွေ့ကြရမှာပါ။

ပရဟိတလုပ်ကိုင်မှုနှင့်ပတ်သက်ပြီး ဘယ်လောက်ကင်းကင်းရှင်းရှင်း ရှိသည်ဆိုတာ သက်သေခံပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရသမျှကို ကိုယ့်အိတ်ထဲ ထည့်၊ ကိုယ့်မိသားစုလက်ထဲအပ်၊ ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းထဲ ပို့တတ်သည့် သူတော်ကောင်းအယောင်ဆောင်များနှင့်တော့ ကွာပါ့။

အများအကျိုးဆောင်ရွက်ခြင်းဆိုသည့် စကားတွင် နိုင်ငံရေးလုပ်တာပဲဖြစ်ဖြစ်၊ နိုင်ငံအုပ်ချုပ်ကြသည့် အုပ်ချုပ်သူလူတန်းစားပဲဖြစ်ဖြစ်၊ ရပ်ရေးရွာရေးဆိုင်ရာတွေ ဆောင်ရွက်ကြသူတွေပဲဖြစ်ဖြစ် ဒါသည် ပရိဟိတ သက်ဝင်နေတာမျိုးဖြစ်ပါသည်။ ပရိဟိတဆိုသည့် စကားရပ်၏ အဓိပ္ပာယ်ကိုကြည့်လျှင် ရိုးရိုးစင်းစင်းပင် 'သူတစ်ပါးအကျိုး' ဟူ၍ တွေ့ရမည်ဖြစ်၏။

နိုင်ငံရေးဆောင်ရွက်သူများပင် နိုင်ငံရေးပရိဟိတစိတ်ထား ထားတတ်ဖို့လိုသည်။ ကိုယ့်နိုင်ငံသူ နိုင်ငံသားများစားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိတ်အေးချမ်းသာရေးစသည်တို့ကို ဦးဆောင်နိုင်ရမည် ဖြစ်သည်။

ဤသို့ ဦးဆောင်ဦးရွက်မပြုနိုင်သော အစိုးရအဖွဲ့သည် ပရိဟိတနိုင်ငံရေး၌ ဦးဆောင်နိုင်သော အဖွဲ့မဟုတ်။ အရပ်ကြီးပြတ်အစိုးရမျှသာ ဖြစ်၏။

လူမှုရေးပရိဟိတလုပ်ငန်းတွင် ဘုရားရှင်ပင် အမွန်





အမြွတ်ထားသည်ကို တွေ့မှတ်ရဖူးသည်။

ရှေ့သွားခေါင်းဆောင်လည်း ဖြစ်တော်မူပေသည်။ ခြေလက်တွေကျိုးကာ ကျင်ကြီးကျင်ငယ်များဖြင့် အိပ်ရာထဲလဲနေသည့် ပုတိဝဿတိဿမထေရ်ကို ကိုယ်တိုင်ပြုစုခြင်းဖြင့် ဂိလာနစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့၏။

ထို့ပြင် မိဘတွေ ပစ်ထားခဲ့သဖြင့် လမ်း၌ တောင်းရမ်းနေရသော လောသကတိဿအမည်ရှိသော ကလေးငယ်ကို အရှင်သာရိပုတ္တရာအား စောင့်ရှောက်နိုင်းခြင်းဖြင့် မိမဲ့ဖမဲ့ကလေးအား စောင့်ရှောက်ရေးအလုပ်ကို ညွှန်ပြခဲ့ပြန်သည်။

သွက်သွက်လည်အောင် စိတ်ဝေဒနာခံစားနေရရှာသော မပဋ္ဌာကို တရားပြ၍ ရဟန်းမ ပြုပေးခြင်းဖြင့် စိတ္တဇရောဂါကို ကုစားပေးတော်မူနိုင်ခဲ့ပါပေသည်။

မြတ်ဗုဒ္ဓသည်ပင် အကျိုးဆောင်ရွက်လျက် ပရိဟိတလုပ်ကိုင်ခြင်းကို ဆောင်ရွက်လမ်းညွှန်ပြတော်မူခဲ့သေးသည် မဟုတ်ပါလား။

ယနေ့ ကိုကျော်သူသည်လည်း အများအကျိုးဆောင်ရွက်ရာ၌ ကိုယ်ကျိုးမငဲ့ဘဲ လုပ်ကိုင်ဆောင်ရွက်မှု ပေးနေသည်မှာ သာဓုခေါ်ထိုက်ပါပေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ကောင်းမှုကုသိုလ်ပဲ ပါမယ်

မေးခွန်းရှင်တစ်ဦးက ဤသို့မေးရာ၌ …

"အနိ့ကယ့်ဘဝမှာ အနုပညာရှင်တစ်ယောက်ဘဝနဲ့ လူမှုရေးသမားဘဝ ကွာခြားချက်တွေရှိရင်လည်း ပြောပြပေးပါဦး"

ဟု မေးသည်။

ကိုကျော်သူက …

"…..ကိုယ်တွေက မင်းသားဘဝတုန်းကဆိုရင် ကိုယ် နာမည်ကြီးဖို့၊ ကိုယ့်ပရိသတ်များဖို့၊ ကိုယ်ပိုက်ဆံရဖို့၊ ကိုယ့်ဇာတ်ကား အောင်မြင်ဖို့ အားလုံး ကိုယ့်အတွက်ချည်းပဲ"

ဟုဖြေသည်။

မှန်သည်။ လူသည် အတ္တကို မပယ်ဖြတ်နိုင်သေးသမျှ အရာရာ၌ ကိုယ့်အတွက်ချည်းသာ ဖြစ်ရပေသည်။ ကိုကျော်သူသည် သူ့အတ္တ၏ဦးဆောင်မှုကို မကွယ်စတမ်း၊ မဝှက်စတမ်း၊ မလိမ်ညာစတမ်း ဖွင့်ဟဝန်ခံခဲ့သည်။

သူ့စိတ်နေသဘောထားမှာ ရိုးဖြောင့်တည်ငြိမ်သည်ဟု ဆိုရမည်ဖြစ်သည်။

အမှားနှင့်အမှန်ကို သေချာဂန မဝေခွဲနိုင်ခင်ကဖြင့်





ချိုး၊ ခွင်လျှာသည် တစ်ဖက်စောင်းနှင်းပင် အမှားဘက်၌ အလေးသာနေလိမ့်မည် ဖြစ်သည်။

အမြင်မှန်အသိတရား နှလုံးသွင်းမိသောအခါတွင် အမှန်သည် ပြန်လည်၍ ဦးတည်လာစေ ဖြစ်ပါသည်။ ကိုကျော်သူ၏ အဖြေစကားကို ဆက်လက်မှားထောင်ကြည့် သင့်သည်ဟု ထင်၏။

"အခုကျတော့ ကိုယ့်အတွက် ဘာမှပါမှာမဟုတ်ဘူး။ ဘာမှမရှိဘူး။ ပါတာတစ်ခုကတော့ ကုသိုလ်ရေး ကောင်းမှုကုသိုလ်ပဲ ပါမယ်။ အခု သွားနေတယ်။ လုပ်နေတယ်။ အားလုံးက ကိုယ့်အတွက် ကုသိုလ်ရမယ်။ အများအတွက် လုပ်ရတဲ့အလုပ်ပေါ့။ ဒါတွေတော့ ကွာခြားတယ်"

ဟူ၍ ဆိုပါသည်။

အစက ငါ့အတွက်၊ ငါ့နာမည်ကြီးဖို့၊ ငါ့ဇာတ်ကားတွေ ဟိုးဟိုးကျော်ဖို့၊ ဝင်ငွေတွေ များများရဖို့ စတဲ့ အတွေးတွေကိုသာ ရှေ့တန်းတင်ခဲ့သည်။ လောဘ၊ ဒေါသ၊ မောဟတွေနှင့်သာ ခရီးသွားနေခဲ့သည်။ ကုသိုလ်စိတ်တစ်စိတ်မျှမရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ထဲမှာ တဝဲလည်လည် ရှိနေခဲ့ရပေ၏။

ဖျတ်ခနဲ သတိတရားရလိုက်ချိန်ကလေးသည် ကိုကျော်သူ့ဘဝအတွက် အင်မတန်မှ အခါအခွင့်ကောင်း ဖြစ်သည်။

ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခွဲခြားခြား မြင်လိုက်ရသည့် အမြင်မှန်ကလေးသည် တမလွန်ဘဝ၏ ရိက္ခာထုပ်ကြီး ဖြစ်သည် မဟုတ်ပါလား။

## နောင်တရစရာမရှိ

ကိုကျော်သူသည် မိမိ၏ ဆုံးဖြတ်ချက်၊ ခံယူချက်၊ ယုံကြည်ချက် မှန်သည်။ တရားသည်ဆိုလျှင် မည်သည့်ကိစ္စမဆို နောက်တွန့်ခြင်း၊ နောက်ကြောင်းပြန်လှည့်ခြင်းမရှိဘဲ ရှေ့တိုးဖို့သာ ရှိလေသည်။

မေတ္တာသုတ်ရွတ်သော ရွှေဝါရောင်အရေးအခင်းကိစ္စတွင်လည်း ကိုကျော်သူသည် မိမိ၏ ဆုံးဖြတ်ချက်ကို ခိုင်မာစွာချမှတ်ပြီး ရပ်တည်ခဲ့သည်ကို တွေ့ရပေမည်။

ထိုအကျိုးဆက်များကြောင့် နိုင်ငံတော်အစိုးရက ကိုကျော်သူအား ထိထိရောက်ရောက် တစ်ဖက်သတ် အပြစ်ပေးချမှတ်ခဲ့ပုံကို ၄င်းက ဤသို့ဤနှယ် ဖွင့်ဟရှင်းခဲ့သည်မှာ ··





"စက်တင်ဘာ ရွှေဝါရောင်သံဃာ့အရေးမှာ ကျွန်တော် ဇာတ်ကားရိုက်နေတယ်။ ကားရိုက်ပြီးခါနီး အချိန်မှာ ဒါတွေကြားပြီး ခုဖြစ်နေပြီလို့ သတင်းကြားတော့ ဒီလိုပဲ သံဃာတော်တွေ နေပူမိုးရွာထဲမှာ ဖိနပ်မပါ၊ ထီးမပါနဲ့ မြို့ထဲမှာ မေတ္တာပို့နေတယ်။ မေတ္တာသုတ်တွေ ရွတ်နေတယ်ဆိုတော့ ကျွန်တော် မြို့ထဲကို လှည့်ပတ်ကြည့်တယ်။ သံဃာတော်တွေ ဒီအတိုင်းဆို ဘယ်လို ဆွမ်းစားမလဲ၊ ဆွမ်းစားဖို့ ဒုက္ခရောက်ပြီဆိုတော့ အဲဒီအချိန်မှာ အမျိုးသမီးကလည်း ကျွန်တော်မသိဘဲ သံဃာတော်တွေကို ရေသန့်ဘူးတို့၊ လိမ်းဆေးတို့ လှူနေတာကို သိသွားတယ်။ အဲဒီမှာ ငါလည်း လုပ်မှဖြစ်တော့မယ် ဆိုပြီးတော့ ကိုသူရတို့နဲ့ ချိတ်ဆက်ပြီး ကြေးသွန်းဘုရား ကြီးမှာ ဆွမ်းသွားကပ်တယ်။ ဆွမ်းကပ်တာပဲ။ အဲ့ဒီ ဆွမ်းကပ်တာနဲ့တင် အဖမ်းခံရ၊ အနုပညာလုပ်ငန်းတွေ အပိတ်ခံရ။ ဒါကို နောင်တမရဘူး၊ ဘုန်းကြီးဆွမ်းကပ်လို့ အဖမ်းခံရတာ။ ကိုယ့်ရဲ့အနုပညာအလုပ် အပိတ်ခံရတာ နောင်တမရဘူး။ ဘုန်းကြီးကိုကပ်တဲ့ဟာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကပ်တဲ့ ဘုန်းကြီးတွေက ဘုန်းကြီး အတုအပတွေလည်း မဟုတ်။ မေတ္တာသုတ်ရွတ်ဖတ်နေတဲ့ တကယ့်ဘုန်းကြီးတွေကို ဆွမ်းကပ်တာ နောင်တရစရာမရှိဘူး"

ဟု ပွင့်ပွင့်လင်းလင်း ဖွင့်ချလိုက်သည်။

ဟုတ်ပေသည်။ မြန်မာဗုဒ္ဓဘာသာဝင်များအနေဖြင့် ကိုယ့်ဘုန်းကြီး၊ ကိုယ့်သံဃာတွေကို ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းတာ၊ သံဃာတော်အရှင်မြတ်များကို ဆွမ်းကပ်တာ၊ သံဃာတော်အရှင်မြတ်များ၏ သြဝါဒအဆုံးအမကို နာခံတာ အပြစ်ကြီးဟု ဆိုနိုင်ပါမည်လော။

မြတ်ဘုရားကပင်လျှင် ဘုရား၊ တရား၊ သံဃာ ဟူ၍ ဤသာသနာတော်၌ ထားခဲ့သည့်မှာ အထင်အရှားပင်။

ဘုရား၊ တရား၊ သံဃာတို့၏ အဆုံးအမကို နာခံရစ် ဟုလည်း မှာကြားမိန့်တော်မူခဲ့သည်ကို ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးဖြစ်ပါသည်။

ဤသို့ရှိပါလျက်၊ ဒီဇ္ဇ မဟုတ်ပါလျက် သာသနာ၏ အထောက်အပံ့ပြုသူကိုပင် ရန်သူလို သဘောထားပြုမူကြသည်မှာ လွန်စွာအံ့သြဖွယ် ဖြစ်နေတော့သည်။





ထို့ကြောင့် ကိုကျော်သူက သနားစွာ သတိပေးလေသည်။

"အဲဒါက အင်မတန်ရှက်ဖို့ကောင်းတဲ့ အလုပ်ပေါ့။ မြန်မာနိုင်ငံအတွက် မြန်မာပြည်ကြီးသာ သက်ရှိဆိုရင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ မျက်နှာတောင် ဖော်လို့ရမှာ မဟုတ်ဘူး။ ဘာလို့ဆိုတော့ ကိုယ်တွေကိုးကွယ်တဲ့ ဗုဒ္ဓသာသနာတော်တွေကို ဖြိုခွင်းခြင်းခံရတာက 'ကိုယ်ပြုသောကံ ပဲ့ကင်သံ ကိုယ့်ထံပြန်လာမယ်' ဆိုတာကိုပဲ မြင်မိတယ်"

ဗုဒ္ဓဘာသာမှန်လျှင် 'ကံကံ၏အကျိုး'ကို 'ယုံကြည်သည်' ဖြစ်ပါသည်။ ကိုယ်ပြုသော ကောင်းဆိုးနှစ်တန် ကိုယ်သာခံ ဆိုသည်ကို အထူးပြောနေဖို့ လိုမည်မထင်။

နောက်တစ်ချက်က ထေရဝါဒသာသနာ ထွန်းကားသည့် မြန်မာနိုင်ငံတော်အတွင်း၌ သံဃာတော်အရှင်မြတ်များအား ဆွမ်း၊ ဆွမ်းဟင်းလှူဒါန်းတာကိုပင် အပြစ်ပေးထောင်ချသည်ဆိုသော ဥပဒေကား အတိုင်းတိုင်း အပြည်ပြည်ကပင် ကြားလို့မှမတော်၊ မဆီလျော်သည့် ပြစ်မှုကြီး မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံခြားများပင် ဗုဒ္ဓကို အလေးအမြတ်ထား

ယခုခေတ်တွင် မြန်မာနိုင်ငံသို့ ဧည့်ခရီးသွားများ အများအပြား လာရောက်လည်ပတ်ကြသည်ကို တွေ့ကြရပေသည်။ ရောက်လာသမျှ ဧည့်သည်တော်များသည် မြန်မာနိုင်ငံ၏ ထင်ရှားသောနေရာများကို မရောက်ရောက်အောင် သွားရောက်လေ့လာကြသည်ကို တွေ့ကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဗုဒ္ဓသာသနိက အဆောက်အအုံများ၊ စေတီပုထိုးများ၊ ရှေးဟောင်းကျောက်စာများ စသည်တို့ကို အဓိကထား လေ့လာကြ၊ မှတ်တမ်းတင်ကြသည်ကို တွေ့ရမြဲဖြစ်ပါသည်။

၎င်းတို့သည် ရှေးဟောင်းအမွေအနှစ်များ၊ မိရိုးဖလာ ကိုးကွယ်ဆည်းကပ်ကြသည်ကို တွေ့မြင်ရသောအခါ၌ အံ့သြ ကိုင်းရှိုင်းကြသည်ကို မြင်တွေ့ရပါသည်။

၁၉၅၄ ခုနှစ်က အဖြစ်ကို မှတ်မိပါသေးသည်။

ထိုစဉ်က ဆိုဗီယက်ဝန်ကြီးချုပ် မစ္စတာကရုးရှက်သည် မြန်မာနိုင်ငံသို့ အလည်အပတ် လာရောက်ခဲ့သည်။ ထိုစဉ်က ဆိုဗီယက်ဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ အပို့ခိုင်းသည်။

ဘုရားရင်ပြင်တော်ပေါ်တွင် လှည့်လည်ကြည့်ရှုပြီး





တစ်နေရာအရောက်တွင် ဆိုဗီယက်ဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော်ကြီးကို လက်အုပ်ချီ၍ ကန်တော့သည်။

လိုက်ပို့သူက ဆိုဗီယက်ဝန်ကြီးချုပ် လက်အုပ်ချီပူဇော်သည်ကိုမြင်လျှင် "ဝန်ကြီးချုပ်က ဗုဒ္ဓကိုကြည်ညိုပါသလား" ဟု မေး၏။

ထိုအချိန်၊ ထိုစဉ်က ကွန်မြူနစ်ဝါဒသည် လွန်စွာ အယူသီးနေချိန် ဖြစ်သည်။ ဘာသာရေးသည် မူးယစ်ဆေးနှင့်တူသည် ဟု ပုတ်ခတ်ဝါဒဖြန့်နေချိန်လည်း ဖြစ်သည်။

ပတ်ကားကွန်မြူနစ်ခေါင်းဆောင် ကြီးက စေတီကို ကြည်ညိုပူဇော်သဖြင့် အံ့သြစွာ မေးမိခြင်းဖြစ်သည်။

ဆိုဗီယက်ဝန်ကြီးချုပ်က ခပ်အေးအေးဖြေသည်။

"ကမ္ဘာ့သမိုင်းမှာ နှစ်ပေါင်း ၂၅၀၀ ကျော်လာတဲ့ အထိ သူ့ဝါဒကို အောင်မြင်စွာ စည်းရုံးနိုင်ခဲ့တာကို တော့ ကျုပ်တို့ အလေးပြုရမယ်"

သဗ္ဗညုမြတ်စွာဘုရားရှင်သည် လောကသတ္တဝါတို့၏ ပစ္စုပ္ပန်အကျိုးစီးပွား၊ တမလွန်အကျိုးစီးပွားအတွက် သာသနာတော်ကို တည်ထောင်ခဲ့သည်။ သာသနာတော်၌ စစ်မှန်သော



www.burmeseclassic.com

www.burmeseclassic.com



တရား ရှိ၏။ ပြည့်ဝသောအနှစ်သာရ ရှိ၏။ တည့်မှန်ဖြောင့်မတ်သော လမ်းညွှန်ချက် ရှိ၏။

ဘဝ၏ အလိုအပ်ဆုံး၊ အမြင့်ဆုံး၊ အမြတ်ဆုံး ငြိမ်းချမ်းမှုအပြည့်ရှိသည့် "သန္တိသုခ"ကိုလည်း ညွှန်ပြပေးစွမ်းနိုင်လေ၏။

ဤသို့သော သာသနာတော်ကို ယုံကြည်သည်ကိုပင် လွတ်လပ်စွာ ကိုးကွယ်ခွင့်မရှိအောင် ပိတ်ပင်တားဆီးခံရသည်မှာ ဝမ်းနည်းဖွယ်ပင်တည်း။

## အိပ်မက်ပဲ မက်ရမလား

လက်ရှိမြန်မာ့နိုင်ငံရေး အခင်းအကျင်းအပေါ်၌ ကိုကျော်သူ သုံးသပ်ပုံမှာ အလွန်ရိုးသားပေသည်။

၎င်းအနေဖြင့် နိုင်ငံရေးကို နားမလည်ကြောင်း၊ နိုင်ငံရေးမှာ အလွန်ရှုပ်ထွေးပြီး လှည့်ဖြားမှုတွေ များကြောင်း၊ အခင်းအကျင်းကို နားမလည်ကြောင်း ဝန်ခံစကားဆိုသည်။

ပြီးမှ ဆက်၍ ...

" ... ကိုယ်တွေ့ခံစားခဲ့ရသူတွေက ဥပဒေ တစ်ခု သတ်မှတ်မယ်ဆိုရင် တကယ့်ခံစားခဲ့ရသူတွေ၊





အမတ်တွေက အများပြည်သူအကျိုးအတွက်၊ တိုင်းပြည်အတွက် ဒီဥပဒေကို ပြဋ္ဌာန်းနိုင်ဖို့ လိုတယ်။ အခုက ဥပဒေက ထုတ်တယ်။ တရားဝင်တွေ ထုတ်တယ်။ ထုတ်တာက ထုတ်တာပဲ၊ အောက်က လုပ်တာက လုပ်တာပဲ။ အဲဒီတော့ တော်တော်ကို စဉ်းစားရခက်တယ်။ နာရေးကူညီမှု အသင်းက Register ကျပြီးသားအသင်း၊ ၂၀၁၅ မှ သက်တမ်းကုန်မှာ။ တရားဝင်ကျပြီးသားအသင်းအဖွဲ့တောင် နယ်တွေ သွားရင် စစ်ဆေးအမေးအမြန်းခံရတယ်။ ဒါတွေ မေးတော့ အဓိပ္ပာယ်မရှိဘူး။ အဲဒါတွေက နည်းနည်း မကောင်းဘူး။ သမ္မတကြီးဦးသိန်းစိန် ပေးထားတဲ့ ဂုဏ်ပြုကတ် အမြတ်တနိုးနဲ့ လွယ်အိတ်မှာ ရိုက်ထားတယ်။ အဲဒါကိုပေးပြီးမှ တမူးမှာ ဟောပြောပွဲသွားတယ်။ တမူးမှာ အိပ်လို့မရဘူး ဖြစ်တယ်။ အဲဒီတော့ ဘယ်လိုဖြစ်တာလဲ။ အိပ်မက်တွေပဲ မက်ရမလား။ နိုင်ငံတော်က အသိအမှတ်ပြုတဲ့ ဂုဏ်ပြုလွှာလည်း ပေးထားတယ်။ မြို့နယ်က တည်းခွင့်မပေးတာက အဓိပ္ပာယ်မရှိဘူး။ ကယ်ဆယ်ရေး သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်သူတို့အဖွဲ့ လာရင် လှေမငှားရဘူး။ ဘာလို့ အမိန့်တွေ ထုတ်တာလဲ။ အဲတော့ အပေါ်က ပြောတာ လုပ်တာ တခြား၊ အောက်က လုပ်တာက တခြား ဖြစ်နေတယ်။ ပြည်သူတွေကိုတော့ အရှုးမလုပ်ဖို့ လိုတယ်”

ဟု ပြောပြခဲ့သည်။

ရှင်းပါသည်။ နိုင်ငံတော်သမ္မတကြီးက ဂုဏ်ပြုကတ် ပေးသည်။ ကိုကျော်သူကိုယ်တိုင်က ထိုဂုဏ်ပြုကတ်ကို အမြတ်တနိုး ရိုက်ထားသည်။ သို့ရာတွင် အထက်နှင့် အောက် ကွာဟချက်တွေကို ထောက်ပြလိုက်တော့ သမ္မတကြီးခများ ရုပ်ပြသက်သက်များ ဖြစ်နေရှာသလားဟုပင် အောက်မေ့ရပါ တော့သည်။

ဟောပြောပွဲအတွက် တမူးကိုသွားတာ တမူးမှာ အိပ်ခွင့်မရဟု သိရသည်။

ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အမျိုးသား ဖြစ်ပါ လျက် အဘယ်ကြောင့် တည်းခွင့် အိပ်ခွင့် မရှိပါရသလဲ။ တစ်ဦးက လက်နှင့်ရေး၊ တစ်ဦးက ခြေနှင့်ဖျက် ဆိုတာမျိုး





ပေလော။ ကျော်သူတို့အဖွဲ့ ကယ်ဆယ်ရေးသွားသည်။ လှေ ငှား၍မရ။ အမိန့်တွေက လှေမငှားရ ဆိုပဲ။

လူမှုပရဟိတလုပ်သူတို့အပေါ်၌ အငြိုးထားသည်မှာ လွန်လေစွတကားလို့သာ ဆိုရချိမ့်တော့မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်သည် နိုင်ငံတော်၏ အမြင့်ဆုံးဥသျှောင် သမ္မတဖြစ်သည်။ ၄င်းကပင်လျှင် ဂုဏ်ပြုကတ် ထုတ်ပေးထား ပါလျက် တစ်တော တစ်ကြက်ဖ၊ တစ်နယ် တစ်မင်းလို အာဏာပါဝါထုတ်ပြနေသည်မှာ နိုင်ငံတော်သမ္မတကြီးကို မလေးစားရာ၊ အသိအမှတ်မပြုရာ ရောက်နေသလို ဖြစ်နေ သည်ဟု ဆိုရမည်ဖြစ်ပါတော့သည်။



www.burmeseclassic.com




## ဖေ့စ်ဘွတ်နှင့် ကိုကျော်သူ

၂၀၁၃ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့တွင် လက်ပံတောင်းတောင်ကိစ္စနှင့်ပတ်သက်ပြီး ပြန်လည်ဖြစ်ပွားသည့် ပဋိပက္ခအသွင်ကို ဖေ့စ်ဘွတ်ပေါ်တွင် တင်ပြခဲ့သည်။

ထိုပုံမှာ သရော်ထားသည့် ဓာတ်ပုံတစ်ပုံအဖြစ်ဖြင့် တွေ့မြင်ကြရသည်။ လူကြိုက်လည်း အလွန်များ၏။

ဓာတ်ပုံ၏ ဘယ်ဘက်အခြမ်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပဋိပက္ခဖြစ်လာသမျှကို ထိထိရောက်ရောက် နှိမ်နင်းရန် အသင့်အနေအထား ရှိနေသည်။





ရှေ့တွင်မူ စည်းသုံးတန်၏ ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရမည်။

စာမှာ '**ယခု တတိယစည်းကိုကျော်လျှင် ပစ်ခတ်မည်**' ဟု သတိပေးထား၏။ ညာဘက်အခြမ်း၌မူ ကိုကျော်သူ ရပ်လျက် ဖုန်းပြောနေပုံ ပါသည်။ ထို့ပြင် ကိုကျော်သူအောက်တွင် '**စတုတ္ထစည်းတွင် ဦးကျော်သူ စောင့်နေမည်**' ဟူသော စာတန်းကို တွေ့ရသည်။

ထိုဓာတ်ပုံကိစ္စနှင့်ပတ်သက်၍ ကိုကျော်သူ စကားတစ်ခွန်း ပြောဖြစ်သွားပါသည်။

ယင်းစကားမှာ ...

"**ကျွန်တော့်အမြင်ကတော့ဗျာ ဒါဟာ ကျွန်တော်တို့ လူမှုရေးလုပ်နေတဲ့ အဖွဲ့အစည်းတစ်ခုကို ခုတုံးလုပ်တာလို့ ခံစားရတယ်**"



www.burmeseclassic.com

www.burmeseclassic.com

- လာတုန်းကလည်း၊ တစ်ယောက်တည်းနော့
  လက်တွဲခေါ်ကာ၊ ဖော်မပါဘူး
  ဥစ္စာချည်းနှီး၊ ကိုယ်ထီးတည်း။

- ပြန်သွားတော့လည်း၊ တစ်ယောက်တည်းနော့
  လက်တွဲခေါ်ကာ၊ ဖော်မပါဘူး
  ဥစ္စာချည်းနှီး၊ ကိုယ်ထီးတည်း။

- လာပြီးတော့နား
  မသွားသေးခင်၊ ချိန်လေးတွင်မှ
  ဝန်းကျင်ယှက်နွယ်၊ နှောင်ကြိုးတွယ်ကြ
  ပြုံးရယ်မဲ့ငို၊ ချစ်မုန်းပိုကြ
  မလိုဒေါသ၊ လိုလောဘနှင့်
  ဘဝရိပ်မြုံ၊ ကကြိုးစုံခဲ့။
  ကံကုန်မှီးချုပ်၊ လက်တွဲဖြုတ်ကာ
  သုတ်သုတ်ဆောလျှင်၊ ခရီးနှင်သည်
  တို့လျှင် ညှော်သည်ပါတကား။ ။



## ညှော်သည်ကို ညှော်သည်ကိုကျော်သူက ကူညီလိုက်တဲ့ စိတ်၊ စေတနာ၊ မေတ္တာ

ငါဟု သမုတ် အကျွန်ုပ်သည် ဟူသောစိတ်သည် ရှိမြဲ ရှိနေကြသေးသည်။ ငါ…ငါ…ငါနှင့် တစ်ငါတည်း ငါနေကြ၏။ ငါ…ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့မယား၊ ငါ့သားသမီး၊ ငါ့တိုက်၊ ငါ့ကား၊ ငါ့အာဏာ ဟူ၍ ဖြစ်နေကြသည်။

ယုတ်စွအဆုံး နေထိုင်မကောင်းသည့်အခါ၌ပင် 'ငါ နေမကောင်းဘူး' 'ငါဖျားနေတယ်' 'ငါ နိုင်ငံခြားသွားရဦး မယ်' စသည်ဖြင့် ငါ ကို လက်မလွှတ်၊ လက်သုံးစကား ပြုနေကြဆဲ ဖြစ်သည်။ အတ္တကို အနှစ်သာရ ထားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'အာပါတော ဌပီတော အပါမာနော ဇွော့တိ အဇ္ဇာ'

မာနကိုထားရာ အတ္တဘော ရ၏ ဆိုသည်ကို စွဲလမ်းနေခြင်းဖြစ်၏။ သတ္တဝါတို့ မြဲသည်၏အဖြစ်သို့ရောက်ကြောင်းဖြစ်သောကြောင့် အတ္တမည်၏ဟု တစ်လွဲဆံပင်ကောင်း ဖြစ်နေရသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ ပါးစပ်တရစပ် ရွတ်နေ၊ ပြောနေကြသော်လည်း လက်က ကားယားဖြစ်သည်။

ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေသွားနိုင်သည်ဟု ဆိုစကားရှိသည်။ မှန်ပါ၏။ မိမိသည် ဘယ်ရက်တွင် သေမည်၊ ဘယ်အချိန်တွင် သေမည်၊ ဘယ်နေရာ၊ ဘယ်အရပ်တွင် သေမည်ဟု မည်သူမျှ မသိနိုင် မပြောနိုင်ကြ။

သံဝေဂ ရစရာ ကောင်းပေစွ။

ထို့ကြောင့်လည်း လယ်တီဆရာတော် အရှင်ဉာဏဓဇက ကင်းဝန်မင်းကြီးဦးကောင်း သံဝေဂရရန်အတွက် ဒွေးချိုးဖြင့် သတိပေးခဲ့ဖူး၏။





ထိုဒွေးချိုးမှာ ...

'တစ်နေ့ကွယ်
သေနယ်သို့ တစ်ခါကူး၊
မေ့လျော့ကာ၊ သေဘူးမထင်ပါနဲ့
နေကွယ်တာ အချိန်မျှားရင်ဖြင့်
သေနယ်ရွာ၊ တစ်ကြိမ်သွားရမယ်
တားမရဘူး။ ။'

ဟူ၍ ဖြစ်ပါသည်။

သေဘေးက ပြေးမလွတ်နိုင်ပါ။

အငှားခန္ဓာအိမ်ကြီးနှင့်တူသော ဤခန္ဓာကိုယ်ကြီးကို ထားပစ်ခဲ့ရတော့မှာ အသေအချာဖြစ်သည်။ ဝိညာဉ်မရှိတော့သည့် ဤအငှားအိမ်ကြီးကို မည်သူကမျှ လက်ခံထားကြတော့မည် မဟုတ်။ အပုပ်ခံနေကြမည် မဟုတ်။ သုသာန်တစပြင်သို့ ပို့၍ စွန့်ပစ်ကြတော့မည်ဖြစ်သည်။

ခန္ဓာကိုယ်ကြီးကို စွန့်ခွာထွက်သွားရရှာသော ညည့်သည်ကဖြင့် ဒါတွေ သိမည်မထင်ပေ။ ကျောခိုင်း၍သွားပေပြီ။ သူသူငါငါ တစ်နေ့တွင် ဤကဲ့သို့ သွားကြရမှာ အမှန်ဖြစ်သည်။ အားလုံးပင်၊ တစ်နည်းအားဖြင့် သတ္တဝါအပေါင်း



www.burmeseclassic.com

www.burmeseclassic.com



သည် ခေတ္တမျှ ရောက်လာကြရသည့် ဧည့်သည်များ မဟုတ်ပါလော။

ကိုကျော်သူသည် ဤအမြင်ကို ရှင်းရှင်းကြည့်၍ လင်းလင်း မြင်ခဲ့သည် ဖြစ်ဟန်တူ၏။ ၁၈.၂.၂၀၁၃ ရက်နေ့က နိုင်ငံခြားဧည့်သည်တစ်ဦး ရုတ်တရက် ကွယ်လွန်သွားလေသည်။

ဖြစ်ပုံကား ဤသို့တည်း။

"…. ရက်နေ့တွင် Australia နိုင်ငံ၊ Sydney မြို့နေ Mr.Angus McDonald သည် သူ၏လက်တွဲဖော်အမျိုးသမီး Ms.Catnerine Aderson နှင့်အတူ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပြီးသည့်နောက် သူတို့နေထိုင်ရာ Australia, Sydney မြို့သို့ ပြန်လည်ထွက်ခွာရန်အတွက် ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့အရောက် Mr.Angus McDonald သည် နှလုံးရောဂါ ဖိစီးမှုဒဏ်ကြောင့် ဝိတိုရိယဆေးရုံကြီးသို့ သွားရောက်ခဲ့ရာ ဆေးရုံသို့ မရောက်ရှိမီတွင် Mr.Angus Mc Donald အသက်(၅၀)နှစ်သည်





ဘဝတစ်ပါးသို့ ပြောင်းလဲသွားပြီးဖြစ်ပါကြောင်း သိရှိရသည့်အတွက် သူ၏ ကျန်ရစ်သော ရုပ်ခန္ဓာကိုယ်အား မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ရမည်ကို Mr.Angus McDonald ၏ မိဘများရှိရာ Australia, Sydney မြို့သို့ အကြောင်းကြားခဲ့ရာ မိဘများသည်လည်း မြန်မာနိုင်ငံကို ချစ်မြတ်နိုးသောသူများဖြစ်သည့်အတွက် သူတို့၏သားဖြစ်သူ Mr.Angus Mc Donald အား မြန်မာနိုင်ငံတွင်သာ သင်္ဂြိုဟ်ခြင်းအခမ်းအနားအား စီစဉ်ဆောင်ရွက်စေခဲ့သည်။ ထို့ကြောင့် Ms. Catherine Aderson သည် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ရောက်ရှိလာကာ အကူအညီတောင်းခံမှုကြောင့် နာရေးကူညီမှုအသင်း(ရန်ကုန်)၏ အုပ်ချုပ်ရေးမှူး ဒေါ်ရောမောင်မောင်မှ ဧည့်ဝတ်ကျေပွန်စွာ နွေးထွေးစွာဖြင့် အကူအညီတောင်းမှုအား လက်ခံခဲ့သည်။ နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ၊ အတွင်းရေးမှူး ဒေါ်မြင့်မြင့်ခင်မေ (ခ) ဒေါ်ရွှေစီးကွက်နှင့် အသင်းသားများတို့သည် ၂၀.၂.၂၀၁၃ ရက်နေ့၊ နေ့လယ် ၂:၀၀ နာရီတွင်



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်အအေးခန်းသို့ ပို့ဆောင်ကူညီပေးခဲ့သည်။

မှန်ပါ၏။ ကိုကျော်သူတို့၏ နာရေးကူညီမှုအသင်း (ရန်ကုန်) သည် မူလက ချမှတ်ထားသည့် ခံယူချက်အတိုင်း ဆင်းရဲချမ်းသာမရွေး၊ အနိမ့်အမြင့်မရွေး၊ ဘာသာအယူဝါဒမရွေး ကူညီသွားမည့် လူမှုအသင်းဖြစ်သည်။

အားလုံးကို သာတူညီမျှ၊ တန်းတူညီမျှ ကူညီခဲ့သည့် အသင်းကြီးဖြစ်၏။ ထို့အတွက်လည်း နိုင်ငံခြားဧည့်သည်တစ်ဦး ရုတ်တရက် ကွယ်လွန်သွားသည်ကို အစအဆုံး ကူညီခဲ့သည်။ မိဘမောင်နှမသားချင်းများကလည်း မြန်မာပြည်၌ ကွယ်လွန်သွားရှာသော သားအတွက် မြန်မာတို့၏ ထုံးတမ်းစဉ်လာအတိုင်း ပြုလုပ်သွားချင်ကြောင်း၊ ပင့်သံဃာများဖြင့် သရဏဂုံတင်လိုကြောင်း၊ ကွယ်လွန်သူအဖို့ ကောင်းမှုကုသိုလ်ကို အမျှဝေလိုကြောင်း တောင်းဆိုသည်။

ဧည့်သည်၏ဆန္ဒကို ကိုကျော်သူတို့ ဖြည့်ဆည်းရန်သာ ရှိလေသည်။ အသင်းက ချက်ချင်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ထူးခြားသည်မှာ ကွယ်လွန်သွားရှာသည့် ဧည့်သည်သည်ပင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်နေခြင်းပင်





ဖြစ်သည်။

ရေဝေးသုသာန်ခန်းမ၌ပင် နာရေးကူညီမှုအသင်းသူ၊ အသင်းသားများ ဦးဆောင်၍ သံဃာတော်များအား ဝတ္ထုငွေဆက်ကပ်ခြင်း၊ သင်္ကန်းစုံတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်ချ အမျှဝေခြင်းများကို ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။

မိသားစုများ ကျေနပ်နှစ်သက်သည်အထိ ကူညီဆောင်ရွက်ပေးခဲ့သည်။

ကွယ်လွန်သူ၏အရိုးပြာကို ရယူပြီးနောက် ၄င်းမိသားစုများသည် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ သာရောက်၍ ကျေးဇူးတင်စကားကို ကိုကျော်သူ၊ ဒေါ်ရွှေဇီးကွက်နှင့်တကွ အသင်းသူအသင်းသားများ၊ အုပ်ချုပ်ရေးမှူးဒေါ်ရောမောင်မောင်၊ ဒေါ်စောသန္တာတို့အား ပြောကြားသည်။ နှုတ်ဆက်စကားဆိုသွားကြသည်မှာ ဧည့်သည်၊ အိမ်ရှင်ဝတ္တရားကျေလှသည် မဟုတ်ပါလား။

ဩော် … သူတို့ချည်းပဲ ဧည့်သည်မဟုတ်။ ကိုယ်သည်လည်းပဲ ဧည့်သည်ပါတကား။



www.burmeseclassic.com

www.burmeseclassic.com



## ပြစ်ရုပ်မှန်ဇာတ်လမ်း ရိုက်ကူးချင်တဲ့ ကိုကျော်သူ

ရှေးရှေးက ရုပ်ရှင်ဇာတ်လမ်းများကို ပြန်လည်သတိရ တမ်းတမိသည်။ ရုပ်ရှင်ဇာတ်လမ်းဇာတ်ကွက် ကြည့်ရသည် မထင်ဘဲ တကယ့်ဘဝထဲသို့ ထဲထဲဝင်ဝင် ဝင်ကြည့်ရသလို ရှိသည်။ မှတ်သားဖွယ်၊ နာယူဖွယ်၊ စာနာဖွယ် အသိတစ်ခုခု ပေးထားခဲ့သည်ချည်း ဖြစ်သည်။

သည်ဆောင်းဟောမာန်၊ ဖြေလျှော့ခွေ၊ ဩော်...မိန်းမ၊ အတွေ့၊ ရတနာပုံ၊ ဖူးစာနှစ်ခိုင်၊ မဗေဒါ၊ ဘဝသံသရာ စသည့် ဇာတ်ကားများမှာ ရုပ်ရှင်ပရိသတ်၏ နှလုံးသားကို စွဲငြိစေခဲ့၏။ အာဂမယုတ္တိ၊ သဘာဝယုတ္တိရှိလွန်းဖြင့် ဒါရိုက်တာ၊ သရုပ်





ဆောင် ပြောစရာ အပြစ်မရှိအောင် ရှိသည်။

ဝတ္ထု၊ ရုပ်ရှင် အပြန်အလှန် လေးစားမှုလည်း ထားရသည်။ ဝတ္ထုရေးဆရာ၏ ဝတ္ထုဇာတ်လမ်းကို ရုပ်ရှင်သမားက ကူးယူ၊ ဖြတ်တောက်၊ နုတ်ကာ မိမိဇာတ်လမ်းဖြစ်အောင် မဖန်တီး။ ခိုးမယူ၊ မမှီး။ ရိုးရိုးသားသားပင် စာရေးဆရာထံမှ ဝယ်ယူရိုက်ကူး ခြင်းဖြစ်သည်။

အနုပညာသည်ချင်း အပြန်ပြန်အလှန်လှန် လေးစားမှု ပြုကြပေသည်။

အမှောင်ခေတ်အနုပညာ၌ ရိုးသားမှုသည် နည်းသွား၏။ ကြက်ဦးကြက်၊ ကင်းဦးကင်း ဆိုသလို လစ်သလို တွယ်၊ လစ်သလိုလုပ်ကြသည်။ ဗွီဒီယိုအခွေခေတ်ကြီးထဲတွင် ပို၍ဆိုးလာသည်။

ထုတ်လုပ်ရေးကုမ္ပဏီတွေ များလာသည်နှင့်အမျှ ဇာတ်လမ်းဇာတ်ကွက်တွေ အလုအယက်ဖြစ်လာသည်။ ဇာတ်ညွှန်းရေးသားသူများကလည်း ဇာတ်လမ်းပေါပေါများများ ရလိုမှုတစ်ခုသာ တွက်သည်။

ဘယ်စာရေးဆရာ၊ စာရေးဆရာမ၏ ဝတ္ထုကလေး ကောင်းသည်ဟုဆိုလျှင် ၎င်းစာရေးဆရာ၊ ဆရာမထံ ခွင့်

www.burmeseclassic.com



တောင်းမနေတော့။ ဖာတ်လမ်းကျောရိုးမပျက်အောင် ဟိုလှည့်ဒီလှည့်၊ ဟိုဖြတ်ဒီဖြတ်၊ ဟိုဖြည့်ဒီဖြည့်ဖြင့် ဇာတ်ရောင်းစားစီးပွားရှာကြပေသည်။

ကားတစ်ကားထွက်လာသည်နှင့် ခိုးကူးခွေများ ထွက်လာပြန်တော့၏။ သူခိုးလက်မှ သူဝှက်လုဆိုသလို ဖြစ်နေကြတော့သည်။ မရိုးသားမှုက များသည်။

တစ်တိုက်က ဟာသပေါက်သည်ဆိုလျှင် ကျန်အခြားတိုက်များကလည်း ဟာသနောက်သို့ လိုက်တော့သည်။ သူလည်း ဟာသ၊ ငါလည်း ဟာသ၊ အားလုံး ဟာသဖြစ်တော့သည်။ ငါးပွက်ရာ ငါးစာချကြသည်။

သရဲတစ္ဆေကောင်း ပြန်သတဲ့ဆိုရင်လည်း အားလုံးတစ္ဆေလိုက်ကြပြီ။

စင်စစ်တော့ ထိုကဲ့သို့ ဖြစ်နေကြရခြင်းမှာ အမှောင်ခေတ်၏ ရေစီးကြောင်းအတိုင်း လိုက်မျောနေခြင်း ဖြစ်သည်။ အမှောင်ရိပ်ကြောင့် ကားကောင်း၊ ရုပ်ရှင်ကောင်းသည် ပြည်သူ့ဆန္ဒနှင့် ဝေးဝေးသွားပေသည်။

ဆင်းရဲတာ မကြည့်ချင်ဘူး၊ သမီးရည်းစားကွဲသွားတာ မကြည့်ချင်ဘူး၊ မင်းသား မင်းသမီး ပေါင်းတာပဲ မြင်ချင်တယ်၊





သေတာ နိမိတ်မရှိဘူး ဟူသော ဇရာမပြစ်ချက်ကြီး ဖြစ်လာသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ ဘုရားဟောတွေကို ရုပ်ရှင်ထဲမှာ ကျောခိုင်းလာတာ များသည်။ ဒီအထဲ ယခင်အစိုးရကရုပ်ရှင်လောကကို နည်းမျိုးစုံနှင့် ချုပ်ကိုင်ထားလိုက်သေးသည်။ မင်းသား၊ မင်းသမီးတစ်ဦးဦး သူတို့စိတ်နှင့် မတွေ့လျှင်၊ သူတို့ခိုင်းတာ မလုပ်လျှင်၊ သူတို့ကို ဆန့်ကျင်မိလျှင် ရိုက်ခွင့်ပိတ်ပြီ။ လနှင့် နှစ်နှင့် ချီရော။

ကိုယ့်ထမင်းအိုး ကွဲမှာစိုး၍ မဆန့်ကျင်ရဲ။

ပြည်သူပိုင်သောအနုပညာရှင် မဟုတ်ဘဲ အစိုးရပိုင်ဖြစ် နေကြရသည်မှာ မျက်စိနှင့် ခြေမျက်စိ နေရာလွဲမှားသလိုဖြစ်နေတော့၏။ အစိုးရကို ကျော်၍မလုပ်ရဲအောင် အကြောက်တရားဖြင့် ဖိထားခဲ့၏။

ယနေ့တွင် ဒီမိုကရေစီဟု ကြွေးကြော်လာခဲ့ပေပြီ။ ထင်သာမြင်သာရှိသည်ဟုလည်း အော်လာပြီ။ မည်သို့ပင်ဖြစ်စေလွတ်လပ်စွာ ထုတ်ဝေခွင့်၊ ရေးသားခွင့် စသည်အပြင်သတင်းစာထုတ်ဝေခွင့်များကိုပင် တွေ့မြင်ရလေပြီ။

အစဉ်တစိုက် အနုပညာရှင်အဖြစ် ရပ်တည်နေခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သူသည်လည်း ၂၀၀၇ ခုနှစ်က ရွှေဝါရောင်တော်လှန်ရေး ပြီးချိန်မှစ၍ ရုပ်ရှင်ရိုက်ကူးရေးအခွင့်ကို ပိတ်ထားခဲ့သည်။

ရုပ်ရှင်ပိတ်ကားပေါ်မှာ ဗွီဒီယိုမှန်သားပြင်ပေါ်မှာ ကွယ်ပျောက်နေခဲ့သည်။ ပြည်သူချစ်သော အနုပညာတစ်ဦး ပြည်သူနှင့်ကင်းကွာနေခဲ့သည်မှာ ဝမ်းနည်းဖွယ်ဖြစ်တော့သည်။

မကြာသေးမီက ကိုကျော်သူအား ရုပ်ရှင်ရိုက်ခွင့် ပြန်လည်ရရှိလာသည်။ ကိုကျော်သူအဖို့ သူ့အနုပညာကို ပြန်လည်တင်ဆက်နိုင်တော့မည်ဖြစ်သည်။

ရုပ်ရှင်ရိုက်ကူးရန်အတွက် သူ့ရည်မှန်းချက်ကိုလည်း အောက်ပါအတိုင်း ပွင့်ပွင့်လင်းလင်း ပြောခဲ့ပေသည်။

“ကိုယ့်အသင်းအကြောင်း ရိုက်လိုက်ရင် ချက်ချင်း ထရိုက်လို့ရတယ်။ ဒါပေမဲ့ မြန်မာတစ်ပြည်လုံးမှာရှိတဲ့ အသင်းတွေကိုယ်စား ရိုက်ချင်တာ။ မြန်မာနိုင်ငံအရပ်ရပ်မှာ သူ့ဒေသနဲ့သူ၊ သူ့အခက်အခဲနဲ့သူ မတူညီတာတွေ ရှိတယ်။ အယူသီးမှုတွေလည်း ရှိတယ်။ လူမှုရေးလုပ်နေတဲ့သူတွေရဲ့ လုပ်ဆောင်ချက်တွေက မတူတော့ မြန်မာပြည်ကိုယ်စား ဇာတ်





ကားတစ်ကားရိုက်ဖို့ စီစဉ်နေတယ်။ ဒါပေမယ့် အဲဒီကားကို ဖန်တီးထားတဲ့ ဇာတ်မဖြစ်စေချင်တဲ့အတွက် အဖြစ်မှန်ကို ရိုက်ကူးမယ်”

ကိုကျော်သူ့ရည်ရွယ်ချက် သရုပ်မှန်ဇာတ်ရုပ်ကို ပြည်သူအများ သိစေချင်သော စေတနာရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ လူမှုရေးအသင်းအဖွဲ့များ၏ အကြောင်းအရာများကို ကိုယ်စားပြုသည့် ဖြစ်ရပ်မှန်ဇာတ်လမ်းကို ရိုက်ကူးနိုင်ဖို့ စီစဉ်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါဇာတ်လမ်းမျိုး၊ ဇာတ်ကွက်မျိုးကို ရိုက်ကူးနိုင်ရန်အလို့ငှာ “ရွှေစင်စကြာမော်တော်ယာဉ်မိသားစုမှ အလှူငွေလာရောက်လှူဒါန်းထားပြီး၊ အဆိုပါဇာတ်ကား ထုတ်လုပ်ရာမှ ရရှိလာသည့် အကျိုးအမြတ်များကို နာရေးကူညီမှုအသင်း အတွက် အသုံးပြုမည်ဖြစ်ကြောင်း” ထည့်သွင်းပြောဆိုသွားလေသည်။

ထို့ကြောင့် ဤလိုဇာတ်လမ်းမျိုးကို ရိုက်ကူးနိုင်ဖို့ အတွက် ကိုကျော်သူ၏ စရိုက်မှန်၊ ဘဝမှန်ကို ထဲထဲဝင်ဝင် သိရှိထားသည့် စာရေးဆရာ နေဝင်းမြင့်နှင့်ဇနီး၊ စာရေးဆရာမ



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ထူးတို့က လိုက်ဖက်သည့် ဇာတ်လမ်းတစ်ပုဒ် ရေးသားပေးနေသည်ဟုလည်း ဆိုထားပေသည်။

ကိုကျော်သူ၏ စေတနာအမှန်၊ လက်ရာမွန်များကို တွေ့ရမြင်ရတော့မည်မှာ ဝမ်းသာဝမ်းမြောက်ဖွယ် သတင်းကောင်းပင် ဖြစ်တော့သည်။



❖ အများအကျိုး၊ ရွက်သယ်ပိုးက
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မပဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင့်လော့။ ။

ရွှေဟသ်ာဆရာတော်ကြီး၏ ဩဝါဒ



www.burmeseclassic.com

www.burmeseclassic.com



## ကိုကျော်သူပြောတဲ့ လူမှုရေးလုပ်ငန်းဆိုတာ . . .

ယနေ့ လူငယ်အတော်များများသည် လူမှုရေးလုပ်ငန်းဘက်တွင် စိတ်အားထက်သန်လာသည်ကို တွေ့ရပေသည်။ ဒီနေ့ လူငယ်၊ နောင်ဝယ်လူကြီးများ ဖြစ်လာကြမည့် အနာဂတ်ပုဂ္ဂိုလ်များ ဖြစ်၏။

ပခုံးပြောင်းတာဝန်ယူရစ်ကြရမည် ဖြစ်သည်။ ထိုအခါ၌ လူမှုရေးလုပ်ငန်းများ၊ နိုင်ငံတာဝန်ထမ်းဆောင်ခွင့်များ ရယူကြရလိမ့်မည် ဖြစ်ပေသည်။

လူမှုရေးလုပ်ငန်းများကို ယခုအချိန်ကတည်းက ထိတွေ့ ဆောင်ရွက်ခဲ့ကြရသဖြင့် အတွေ့အကြုံ၊ အခက်အခဲ





စသည်တို့အား ကြုံကြုံခံ၍ ဖြတ်သန်းလာရသည့်အတွက် ရင့်ကျက်မည်မှာ မလွဲပင်ဖြစ်သည်။

ဤသို့ဖြတ်သန်းရင်းဖြင့် လူငယ်တို့၏စိတ်၌ ရင့်ကျက်သော အတွေးများ၊ ရင့်ကျက်သောစိတ်ဓာတ်များ၊ ရင့်ကျက်သော သီလသမာဓိများ ရလာမည်မှာ မလွဲပါ။

ထို့အပြင် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးလာခြင်း၊ တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်အနစ်နာခံခြင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်လာတတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး လက်တွဲလုပ်ဆောင်လာတတ်ခြင်း စသော ကောင်းကျိုးမင်္ဂလာများ ဖြစ်ပေါ်လာမှာသေချာသည်။

နှစ်ပေါင်း (၄၀)ကျော်၊ (၅၀)နီးပါး ပျက်ယွင်းခဲ့သော အကျင့်စာရိတ္တ၊ ကျိုးပဲ့နေသော မဏ္ဍိုင်များ ပြန်လည်ကောင်းမွန်လာမည်ဟု အောက်မေ့ဖွယ်ရာ ရှိသည်။ ထိုစဉ်ကဆို လူငယ်များသည် လမ်းရှိပါလျက်နှင့် လမ်းစပျောက်နေဘိသကဲ့သို့ ရှိ၏။ အတန်းပညာပြီးဆုံးသွားသော်လည်း အလုပ်အကိုင်က မရှိ။ မရ။ အာမခံချက် မပေးနိုင်သော မရေမရာဘဝ။

ယခင့်ယခင် အစိုးရလက်ထက်ကလည်း ၄င်းတို့သည် သူတို့ကိုယ်သူတို့ မိုးကျရွှေကိုယ်များပမာ သံကောင်းမစံခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

လူငယ်များနှင့်ပတ်သက်၍လည်း…

"အခြေခံဥပဒေအသစ်တွင် လူငယ်များနှင့် ပတ်သက်၍ အခြေခံမူ ချမှတ်ရာတွင် နိုင်ငံတော်သည် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုပျိုးထောင်ပေးရမည်ဟု ဖော်ပြထားသည်"

ဟူ၍ ဆိုထားသည်။

လူငယ်တို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ပါမည်ဆိုသော်လည်း ဘာတစ်ခုမှ လုပ်ကိုင်ပေးခဲ့သည်ကို မတွေ့ရ။ ၎င်းတို့ဖာသာ၎င်းတို့ အာဏာတည်မြဲရေး၊ ကုလားထိုင်မြဲရေး၊ ခွက်စောင်းခုတ်ရေး၊ များများဘုံး၊ များများသုတ် အိတ်ထဲထည့်ရေးလောက်သာ အာရုံစိုက်ခဲ့ကြသည်။ မသမာသော၊ သီလမရှိသော၊ အကျင့်ပျက်သော မင်းလက်ထက်၌ တိုင်းပြည်သည်လည်း ဓီးရီးဘ၀ ရောက်သွားတော့၏။

အမွဲအတေဆုံး နိုင်ငံအဖြစ် မျက်နှာငယ်ခဲ့ကြရသည်။

လူငယ်များနှင့်ပတ်သက်၍ ကာယ၊ ဉာဏ၊ စာရိတ္တ





တွေ လုပ်ပေးမည်ဟူသော အခြေခံဥပဒေသစ်သည် သကြံန်အမြောက်ဆံ ဖြစ်သွားလေတော့သည်။ ယင်းကြောင့် ထွက်ပေါက်မရှိသော လူငယ်တစ်စုသည် လမ်းမှားသို့လိုက်ကြသည်။ ဆေးခြောက်၊ မူးယစ်ဆေးဝါး၊ နံပါတ်ဖိုး၊ အရက် စသည်တို့ဖြင့် ပျက်စီးသွားကြသည်။ ရှုံးသူ သေသူလည်း များခဲ့ပေပြီ။

ယနေ့၌ လူငယ်များ၏ ဘ၀သည် ထင်သာမြင်သာ အနေအထားရှိပြီဟု ရဲရဲမပြောနိုင်သေးသော်လည်း အသိစိတ်ဓာတ်လမ်းကြောင်း ပြောင်းလာတာကိုတော့ တွေ့မြင်နေရပြီ။

ကောင်းသည့်လက္ခဏာဟု ဆိုရမည်။ လူမှုရေးလုပ်ငန်းတွေ လုပ်ချင်လာသည်။ စိတ်ပါဝင်စားလာသည်။ သို့ပေသည့် လူမှုရေးအတွေ့အကြုံများ နုနယ်နေသေးသဖြင့် စနစ်တကျမရှိ။

အချင်းချင်း ပေါင်းစည်းမှု မကျွမ်းကျင်။ ဖွဲ့ပြီးမှ ပျက်တာတွေ ရှိခဲ့၏။ စနစ်တကျ လေ့ကျင့်ပေးမှုက နည်းခဲ့သကို။



www.burmeseclassic.com

www.burmeseclassic.com



## လူမှုရေးလုပ်ငန်းနှင့် ကိုကျော်သူ့အမြင်

ကိုကျော်သူက လူမှုရေးလုပ်ငန်းနှင့်ပတ်သက်ပြီး သူ့သဘောထား၊ သူ့အမြင်၊ သူ့ခံယူချက်ကို ဤသို့ပြောခဲ့ပါသည်။

"လူမှုရေးလုပ်ငန်းမှာ အရေးကြီးတာက ကိုယ်ကျင့်သီလ ခိုင်မြဲရမယ်၊ ကိုယ့်ရည်ရွယ်ချက်ကို ခိုင်ခိုင်မာမာ ချနိုင်ရမယ်၊ တချို့လူတွေက လူမှုရေးလုပ်တယ်ဆိုပေမယ့် နာမည်ကြီးဖို့ လုပ်တာတွေ ရှိတယ်။ ကိုယ်က လူမှုရေးလုပ်ငန်း စလုပ်တော့မယ်ဆိုတာနဲ့ ငွေရေးကြေးရေး၊ လူမှုရေး မှန်မှန်ကန်ကန် လုပ်ရမယ်။ လူမှုရေးလုပ်ငန်းက တစ်ဦးတစ်ယောက်တည်းလုပ်သင့်တဲ့ လုပ်ငန်းမျိုး မဟုတ်ဘဲ စိတ်ဓာတ်ဓာတ်တူတဲ့လူတွေ ပေါင်းပြီး မနိုမကပ်နဲ့ တက်ညီလက်ညီ လုပ်သင့်တယ်"

မှန်သည်။ လူမှုရေးလုပ်ငန်း လုပ်တော့မည်ဆိုလျှင် ကိုယ် တာဝန်ယူရသည့်အပိုင်းတွေမှာ အားလုံးမှန်မှန်ကန်ကန် ရှိနေဖို့ အင်မတန်အရေးကြီးပါသည်။





ငွေရေးကြေးရေး လူမှုရေးတွေမှာ နာမည်ကောင်းနှင့် ကာမွှည်းစာင်ထားနိုင်ဖို့အတွက် အဆင်သင့်ရှိနေရမည် မဟုတ်ပါလား။

## အောက်ခြေမလွတ်သင့်

"တစ်ဦးနှင့်တစ်ဦး အဆင်ပြေဖို့ဆိုတာ သူ့အယူအဆနဲ့ ကိုယ့်အယူအဆ ညှိပြီး လုပ်သင့်တယ်။ ကိုယ်က နေရာတစ်နေရာကို ရောက်နေပြီဆိုရင်လည်း အောက်ခြေမလွှတ်သင့်ဘဲ ကိုယ့်လက်အောက်ငယ်သားတွေကို ညှိယူပြီး ဆက်ဆံသင့်တယ်။ လူမှုရေးလုပ်တယ်ဆိုတာ မနိုမကပ် တက်တက်ကြွကြွ ညီညီညွတ်ညွတ်နဲ့ လုပ်ရမယ်။ ကိုယ်က နေရာတစ်ခုရသွားရင်လည်း အားလုံးနဲ့ တစ်ပြေးညီ တစ်သားတည်း ဆက်ဆံပြီး လုပ်ဆောင်သင့်တယ်"

ဟူ၍ ကိုကျော်သူက လူမှုရေးလုပ်ဆောင်ချက်မှာ အဓိက ကျသည့်အချက်တွေကို ထောက်ပြခဲ့သည်။

နေရာတစ်နေရာ ရတာနှင့် အထက်စီးယူကာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အောက်ကလူကိုလည်း မနှိမ်ရန်လိုကြောင်း၊ အောက်ခြေမလွှတ်သင့်ကြောင်းကို ခြုံငုံ၍ပြောကြားလေသည်။

## ကိုယ်စောင့်ထိန်းရမယ့်လမ်းစဉ်

ကိုကျော်သူက လောကမှာ အဓိကအကျဆုံးက စိတ်ဓာတ်ပဲဟု တိတိပပ ထောက်ပြလိုက်သေးသည်။ ထို့နောက် ဆက်၍-

**"…ကိုယ့်ရဲ့ ကိုယ်ကျင့်သီလ၊ ကိုယ်စောင့်ထိန်းရမယ့် လမ်းစဉ်ပဲ။ ဘယ်သူကမှ စောင့်ထိန်းပေးလို့ မရဘူး။ ဆင်းရဲချမ်းသာမရွေး ကူညီပေးပြီး လူတန်းစား ခွဲခြားပြီးမှ ကူညီလို့မရဘူး။ ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားပြီး လုပ်ရင် အောင်မြင်ပါတယ်"**

ဟုလည်း ပြောပြပေသည်။

ဗြဟ္မစိုရ်တရားလေးပါးဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော စိတ်ဓာတ်ကို မွေးမှသာ





လူမှုလုပ်ငန်းများ အောင်မြင်ကြမည် ဖြစ်သည်။ ပါးစပ်က တစ်မျိုး၊ လုပ်ရပ်က တစ်ဖုံဖြစ်နေလို့ ထိုလုပ်ငန်းသည် အဘယ်မှာ အောင်မြင်တော့မည်နည်း။

ပါးစပ်ဆိုင်းတီးသည်နှင့် တူသည်။ ဟန်ပြလုပ်ငန်းဖြစ်၍ ပြယုဂ်သဘောသာ ရှိသည်။ လူထု၏ ကြည်ညိုလေးစားမှုကိုလည်း မရနိုင်။

ထိုအသင်းအဖွဲ့မျိုးသည် ရေရှည်မခံ။ ခဏနှင့် ပြိုကွဲတတ်သည်သာ များ၏။ အချင်းချင်းလည်း ဘယ်တော့မှ မညီညွတ်။ သူက ငါ့မယုံ၊ ငါက သူ့မယုံဖြင့် လုပ်ငန်းမှာလည်း ရေတိုကာလ၌ပင် အဆုံးသတ်သွားနိုင်သည် ဖြစ်ပါသည်။

## ကူညီတဲ့နေရာမှာ သတိထား

လူမှုဘဝမှာ ကောင်းသည့်လူတွေ ရှိသလို၊ မကောင်းသည့်လူတွေလည်း ရှိသည်။ မှန်ကန်သည့် လူကောင်းသူကောင်းတွေ ရှိသလို၊ မမှန်ကန်သည့် အကျင့်ပျက်တွေလည်း ရှိသည်။ ဆွမ်းဆန်ထဲ ကြွက်ချေးရောသလို နေတတ်သည်ကိုလည်း ကိုကျော်သူက သတိထားဖို့ ပြောရာ၌ …



www.burmeseclassic.com

www.burmeseclassic.com



"လူတွေကို ကူညီတဲ့အခါမှာလည်း မမှန်မကန်တဲ့သူတွေ၊ မဟုတ်တဲ့နေရာတွေကို သွားမလှူမိဖို့အရေးကြီးတယ်။ တချို့လူတွေက ဒုက္ခရောက်နေလို့ပါဆိုပြီး လိမ်ပြီး အကူအညီတောင်းတာတွေကို လှူမိရင်ကိုယ်ပါ နာမည်ပျက်နိုင်တယ်။ လူမှုရေးလုပ်ငန်း လုပ်နေတဲ့အလျောက် ကိုယ့်ဘက်က ကူညီမယ့် နေရာတွေကို သေချာစိစစ်ပြီး တကယ်ဒုက္ခရောက်နေတဲ့နေရာတွေကို ရှာပြီး ကူညီသင့်ပါတယ်"

ဟု လူမှုရေးအသင်းတွေကို သတိပေး နှိုးဆော်ပါသည်။

### နိုးကြောင်နိုးဇက် လူမှုရေးလုပ်ငန်း

မီဒီယာတစ်ဦးက ကိုကျော်သူအား ဤသို့မေးခွန်းထုတ်ခဲ့ဖူး၏။

"တရားဝင်မှတ်ပုံတင်ကျပြီး လုပ်တာနဲ့ မှတ်ပုံမတင်ဘဲလုပ်တာ ဘာကွာလဲ"

ဟုဆိုရာ၌ ကိုကျော်သူကလည်း ရိုးရိုးစင်းစင်းဖြေသည်။





"တရားဝင်မှတ်ပုံတင်ကျပြီး လုပ်တဲ့အခါကျတော့ လုပ်ရတာ ပိုပြီးလွတ်လပ်တယ်။ မှတ်ပုံတင်မကျတဲ့အခါကျတော့ နိုးကြောင်နိုးဇက် လုပ်နေရသလိုပဲ။ ဘာလုပ်လုပ် လွတ်လွတ်လပ်လပ် မလုပ်ရဘဲအဟန့်အတားတွေ၊ အခက်အခဲတွေ ရှိတယ်။ ကိုယ့်လူမှုရေးလုပ်ငန်းကို လှူမယ့် အလှူရှင်တွေကလည်းရဲရဲဝံ့ဝံ့နဲ့ ကူညီလှူဒါန်းတာတွေ လုပ်နိုင်ပါတယ်"


လွတ်လပ်ခြင်းနှင့် မလွတ်လပ်ခြင်း အဓိပ္ပာယ်ကို ဤစကား၏ အငွေ့အသက်ထဲ၌ နုတ်ယူနိုင်သည်။

ဒီမိုကရေစီသည် ထင်သာမြင်သာရှိနေပြီ။ ဒီမိုကရေစီနိုင်ငံသစ်ကြီး ဖြစ်လာရမည်။ လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ ထုတ်ဝေခွင့် စသည့်ကြွေးကြော်သံများသည် မစားရ ဝခမန်းပင် ဖြစ်နေဦးမည်လောမသိ။



www.burmeseclassic.com

www.burmeseclassic.com



## နာရေးတစ်ခုတွင်
## ကိုယ်တိုင်ကိုယ်ကျ အလောင်းဝင်ထမ်းတဲ့ ကိုကျော်သူ

မြဝတီမြို့တွင် စေတနာလူမှုကူညီရေးအသင်းဆိုတာ ရှိပါတယ်။ အဲဒီအသင်း နှစ်ပတ်လည်လုပ်တယ်။ စာပေဟောပြောပွဲလည်း ကျင်းပပါတယ်။ နာရေးကူညီမှုအသင်း (ရန်ကုန်)က အသင်းဥက္ကဋ္ဌ ကိုကျော်သူကိုလည်းဖိတ်တော့ ကိုကျော်သူ သွားတယ်။

ကိုကျော်သူ့ကိုလည်း ရုပ်ရှင်မင်းသားအနေဖြင့် လည်းကောင်း၊ ဒါရိုက်တာအနေဖြင့် လည်းကောင်း ဖိတ်တာတော့ မဟုတ်ပါဘူး။





သူ့အတွေ့အကြုံတွေ၊ သူ့ဒုက္ခကြုံရပုံတွေ၊ သူ့စေတနာ၊ မေတ္တာတွေကို ထည့်ဟောပြောမယ့် စကားတွေကို နားထောင်ချင်လို့။ ကိုကျော်သူကလည်း ပွင့်ပွင့်လင်းလင်း ဟောတတ်ပြောတတ်ပေသကိုး။

တစ်ခါတလေ အတည်ပေါက်နဲ့ ဟာသနှောပြောတယ်လေ။ ပရိသတ်ပွဲကျရပါတယ်။

တစ်ခါတလေ သူ နယ်စာပေဟောပြောပွဲ၊ ကူညီမှုသွားတဲ့အခါ အကြောင်းအမျိုးမျိုးနဲ့ နယ်တွေ၊ ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေ ရောက်တတ်ပါတယ်။

ဒီအခါမှာ နယ်အသီးသီးက ပုဂ္ဂိုလ်ကြီးများဟာဆိုရင် ကိုကျော်သူကို ယမမင်းကြီးများလာတယ် မှတ်သလား မပြောတတ်။ အထူးကြောက်လန့်နေသလိုပါပဲ။ သူတို့ရဲ့ အထုပ်ရှုပ်တွေ ပေါ်မှာပဲ၊ သူတို့အတွင်းရေးတွေ သိကုန်တော့မှာပဲ၊ ကိုကျော်သူက နယ်နယ်ရရ မဟုတ်ဘူး၊ ဒယ်အိုးထဲပို့မယ့်သူအထင်နဲ့ လွတ်ကြောက်ကြရော။

ဒီတော့ တည်းခိုခန်း ငှားမရအောင်လုပ်၊ မော်တော်ငှားလို့မရအောင် ပိတ်ပင်။ အနှောင့်အယှက်တွေ တစ်ပုံတစ်ပင်နဲ့ပေါ့။

www.burmeseclassic.com



မြဝတီခရီးကတော့ ကိုကျော်သူ့အဖို့ ငြိမ်းငြိမ်းချမ်းချမ်း ဆိုကြပါစို့။ ကိုကျော်သူကို ဒီဟောပြောပွဲလာဖို့ ဘယ်သူဖိတ်တာ ထင်သလဲ။ DKBA (ယခင်) ကလိုထူးဘော စစ်ဦးစီးချုပ် ဗိုလ်ချုပ် စောလားဘွယ်က ဆုံစည်းမြိုင်ကျေးရွာကို လာဖို့ ဖိတ်ကြားတာပါ။ ငွေကျပ် သိန်း (၃၀)တောင် လှူဒါန်းလိုက်သေးသဗျာ့။

DKBA (ယခင်) ကလိုထူးဘော ကရင်အမျိုးသား တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်စောလားဘွယ်ပါ။

ဥက္ကဋ္ဌကိုကျော်သူ ဦးဆောင်တဲ့ စေတနာ နာရေးကူညီမှု အသင်း (ရန်ကုန်)အား ဝေါလေမြိုင်ဒေသ၊ ဆုံစည်းမြိုင်ကျေးရွာတွင် နိုဝင်ဘာလ (၂၄)ရက်က တွေ့ဆုံပါတယ်။ ဒေသတွင်း နာရေးကူညီမှုအသင်း ထူထောင်ရေးလုပ်ငန်းကိစ္စများကိုပါ ဆွေးနွေးကြတယ်။ ပြီးမှ ငွေကျပ် သိန်း (၃၀) လှူဒါန်းကြတယ်တဲ့။

ဆုံစည်းမြိုင်ကျေးရွာ၊ တောင်နီရွာ၊ ဝါးမီးခကျေးရွာ၊ ချူးကရာဇ်ထကျေးရွာတို့က ရွာသူရွာသားများကလည်း စုပေါင်းပြီး စေတနာ နာရေးကူညီမှုအသင်း (ရန်ကုန်)ကို ငွေကျပ် သုံးသိန်း လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။

သာဓုခေါ်ထိုက်ပါတယ် ကိုကျော်သူ။





## မြန်မာပြည်မှာ မွေး၊ မြန်မာပြည်မှာ ကြီး၊ မြန်မာပြည်မှာ သေတဲ့မသာ သေကာမကောင်းကြပါကလား

စာရေးသူတို့ငယ်ငယ်တုန်းက လူကြီးသူမတွေ ပြောလေ့ပြောထ စကားတစ်ခွန်း ကြားခဲ့ရဖူးပါတယ်။ “ငါ့မိတ်ဆွေကြီး သေတာတောင် သေကာကောင်းရှာပေတယ်။ ဘာမှကို ပြန်လှည့်ဖို့ မလိုအောင်ဘဲ။ ကျွန်းခေါင်းကြီးကလည်း ဖိတ်ဖိတ်တောက်ပဲ။ ငှားတဲ့ အသုဘယာဉ်ကလည်း အခန့်စားကွာ။ လိုက်ပို့လိုက်ကြတာ အများကြီးပဲဟေ့။ တော်တော်စည်တယ်။ သားသမီး ဆွေမျိုးတွေ ဘာမှတောင် ပူပင်စရာမလိုဘူး” လို့ မသာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက် ကျောင်းဆယ်ခေါက်ရောက် ဆိုသလို ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ကြပါရဲ့။

“ဒေါ်အေးအေးမြတ်သေရတာ ဘယ်လောက်ကောင်းသလဲအေ။ သေပန်းပွင့်တယ်လို့ ပြောရမှာပေါ့နော်။ သူ့သေတော့ စည်လိုက်တာမှ ဘယ်ပြောကောင်းမလဲ။ အိမ်ရှေ့မှာ မသာဆင်ထားတာက တစ်ခမ်းတစ်နားပဲ။ ခုတင်က ကျွန်းခုတင်ကြီး။ ပေါ်လစ်ကလည်း တဖိတ်ဖိတ်နဲ့။ အလောင်းပြင်ထားတာကို ဒေါ်အေးအေးမြတ်သာ မြင်ခွင့်ရှိရင် မြင်လိုက်စေချင်တယ်ကွယ့်။ ဘယ်လောက်များ စိတ်ချမ်းသာလိုက်မလဲလို့”

ဒီလိုအသံတွေ၊ ဒီလိုစကားတွေ ကြားခဲ့ရပါတယ်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းကာလတွေမှာတော့ ကျန်ရစ်သူတွေအသက်ရှူ မချောင်သလို၊ သေသူတွေအတွက်လည်း အနေကျပ်အသေကျပ်လာတော့တာပဲ။

သေလို့မှ ခွေးသေကောင်ကို ကြိုးနဲ့ဆွဲချရမလို ဖြစ်လာခဲ့တယ်။ အလောင်းတစ်လောင်း မြေကျဖို့က ကုန်ကျငွေလည်း သောက်သောက်လဲ။ သေသူခမျာမှာ သေဆုံးသွားပြီမို့၊ လောကကြီးနဲ့ (လုံး၀)အဆက်အသွယ် ပြတ်တောက်သွားပြီမို့ ဘာဆိုဘာမှ မသိရှာတော့ပါ။ သိခွင့်မရှိတော့ပါ။ ဒါပေသိ ကျန်ရစ်သူ





မိသားစု ဆွေမျိုးညာတကာအဖို့ ပူတယ်…ပူတယ် ဆယ်ကုဋေပေါ့။ သေစာရင်းပူရတဲ့ ဒုက္ခ၊ ရေခဲတိုက်ပို့ဖို့ ဒုက္ခ၊ မီးစက်ထဲရောက်ဖို့ ဒုက္ခ စတဲ့ပြဿနာတွေက တစ်စီတစ်တန်း။

ဒီကြားထဲ ဟိုလူ့ ပေးရ၊ ဒီလူ့ လာဘ်ထိုးရနဲ့ မသာကုန်ကျငွေက ထမ်းပိုးထက် လက်ခကြီးနေကြရပါတယ်။

တချို့ဆိုရင် မသာစရိတ် မတတ်နိုင်လို့ ဆေးရုံပေါ်မှာသေ၊ ဆေးရုံမှာပဲ ထားခဲ့ပြီး လစ်ပြေးသွားတာမျိုးကလည်း မနည်းမနောပါဘဲ။ ကိုကျော်သူ တစ်ခါက ဟောပြောပွဲတစ်ခုမှာ ဆေးရုံကိစ္စကလေးတစ်ခုဟာ အလွန်ကြေကွဲစရာအဖြစ်လို့ ကြားခဲ့ရဖူးပါတယ်။

အဲဒီတုန်းက ဒါရိုက်တာဦးသုခ ဆေးရုံတက်ပြီး ဆေးကုသမှု ခံယူနေရတဲ့အချိန်ပါတဲ့။ ကိုကျော်သူက ဦးသုခကို သွားရောက်ကြည့်ရှုသတဲ့။

ဦးသုခနဲ့ မနီးမဝေးတွင် အမယ်အိုကြီးတစ်ဦးကလည်း ဆေးရုံတင်ထားသတဲ့။ တစ်နေ့မှာ ဆရာဝန်က အမယ်အိုကြီးရဲ့ မိသားစုကို အမယ်အိုကြီးအား ဆေးအစွမ်းကုန် ကုခဲ့ပြီဖြစ်ကြောင်း၊ ခုချိန်တွင် မရနိုင်တော့ပြီဖြစ်လို့ အိမ်ပြန်ခေါ်သွားရန် ပြောပြသတဲ့။ လူနာရှင်တွေက ခေါ်မသွား။ ဆရာဝန်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



လက်လျှော့သွားသဖြင့် သေတော့မှာ အသေအချာဖြစ်မှန်းသိလို့ ထားပစ်ခဲ့တာပါ။ အမယ်အိုကြီး ဆုံးပါးသွားတော့ ဆေးရုံကပဲ ပိုင်ရှင်မဲ့အဖြစ် သင်္ဂြိုဟ်လိုက်ရသတဲ့။

ဒီတုန်းက နာရေးကူညီမှုအသင်း (ရန်ကုန်)ဆိုတာ မရှိသေးပါဘူးတဲ့။

အဲသလိုအဖြစ်မျိုးတွေ မြန်မာပြည်အနှံ့အပြားမှာ ဘယ်လောက်တောင် ရှိခဲ့မလဲဆိုတာ တွေးတောင်မတွေးရဲတဲ့အဖြစ်ပါ။ မြန်မာပြည်မှာ ဆင်းရဲနွမ်းပါးခဲ့တာဟာ ဘယ်ခေတ် ဘယ်ကာလမှ မကြုံဖူးအောင်ပါပဲ။

ဒါဟာ ဘယ်သူတွေရဲ့ အုပ်ချုပ်မှုညံ့ဖျင်းလို့ ဒီပြဿနာတွေ ဖြစ်လာရတာလဲဆိုတာ အဲရှင်းကြီးပဲလေ။ ထွေထွေထူးထူး စဉ်းစားနေဖို့တောင် မလိုပါဘူး။ ဟုတ်ပြီနော်။

မြန်မာနိုင်ငံရဲ့ အကြီးဆုံး ပရဟိတလုပ်ငန်းကြီးဖြစ်တဲ့ နာရေးကူညီမှုအသင်းကြီး ပေါ်ပေါက်လာလို့ အသက်ရှုချောင်ခဲ့ရပါတယ်။

ဒါဟာ တကယ့်စေတနာ၊ တကယ့်မေတ္တာနဲ့ ကူညီမှုပေးနေပေမယ့် အမြင်စောင်း၊ မျက်မုန်းကျိုးတဲ့ လူတစ်စုကလည်း ကိုကျော်သူတို့အဖွဲ့ကို အမျိုးမျိုး အဖုံဖုံကို အနှောင့်အယှက်နဲ့လည်း ကြုံခဲ့တွေ့ခဲ့ရပါသေးတယ်တဲ့။





ဒီကြားထဲကနေပဲ ကိုကျော်သူတို့အသင်းဟာ အခက်အခဲ အမျိုးမျိုး အဟန့်အတားအမျိုးမျိုးကို ကျော်လွှားခဲ့ရတာပါ။

တစ်ခါကဆိုရင် အလွန့်စိတ်ထိခိုက်စရာကလေးတစ်ခုကို မှတ်မှတ်သားသား ပြောပြတာကို သတိပြုမိပါတယ်။

ကိုကျော်သူက ...

"သင်္ဂြိုဟ်စရိတ် မတတ်နိုင်လို့ နယ်တွေမှာ ဖြစ်ခဲ့ဖူးတယ်။ ၂၀၀၄-၂၀၀၅ လောက်က ထောက်ကြန့်အကျော်ဘက်မှာ။ ဒါတောင် ရန်ကုန်မြို့နဲ့ နီးတဲ့နေရာနော်။ အဲဒီမှာ ဆုံးတယ်။ ဆုံးတော့ ညဘက်မှာ ဖျာလေး နဲ့လိပ်ပြီးတော့ သူများရဲ့အနီးအနားမှာရှိတဲ့ လယ်ကွက်ထဲ ခိုးမြှုပ်တယ်။ အဲဒီမှာ လယ်ပိုင်ရှင်က သိတော့ ပြဿနာတွေ တက်ကြတယ်။ တုတ်တစ်ပြက်၊ ဓားတစ်ပြက်တွေ ဖြစ်ကုန်ကြတယ်။ အမှန်က ဒါမျိုးဆိုရင် အစိုးရမှာ တာဝန်ရှိတယ်။ မြန်မာပြည်မှာ မွေးပြီးတော့ မြန်မာပြည်မှာ သေရင်တောင် ကောင်းကောင်းမသေရတဲ့ဘဝ ဖြစ်နေတယ်။ အစိုးရအနေနဲ့ကလည်း သင်္ဂြိုဟ်စရိတ်ကို အတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး လျှော့ပေးဖို့လိုတယ်။ မီးသဂြိုဟ်ခက ကျပ် ၁၀၀၀၀၊ ၁၅၀၀၀၊ တချို့ဆို ၃၀၀၀၀၊ ဒါမျိုးတွေကို အစိုးရအနေနဲ့ ပြည်သူတွေအတွက် လျှော့ပေါ့ပြီး လုပ်ပေးသင့်တယ်။ အပြင်ပေါက်ဈေးအတိုင်းသာ ဆိုရင်တော့ သေဖို့ဆိုတာ တော်တော်လေး ကြောက်စရာကောင်းနေတယ်”

လို့ ထောက်ပြခဲ့ပါတယ်။

မှန်ပါတယ် ကိုကျော်သူရေ။

သူတို့ကတော့ မသာတစ်လောင်းကို ထောင်သောင်း အိတ်ထဲထည့်ဖို့ပဲ သိတတ်ကြပေတာကိုး။ ကိုကျော်သူ ထောက်ပြတာတွေကို သူတို့ ဘယ်သိပါ့မလဲ။ နှာစေးနေတယ်လေ။

ဒီမိုကရေစီ…ဒီမိုကရေစီလို့သာ သူတို့တစ်တွေက အိပ်ရာနိုးပြီး ကယောင်ကတမ်း ထအော်နေကြတာပဲ ရှိတယ်။ ဒီမိုကရေစီရဲ့ အပြည့်အဝခံစားမှုကိုကော ဒီကနေ့ ပြည်သူပြည်သား တိုင်းရင်းသားတွေ ရနေကြပြီလား။

လွတ်လပ်ခွင့်တွေ ရှိနေပြီလား။

လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊





လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့် စတဲ့ လွတ်လပ်ခွင့်တွေ၊ ရပိုင်ခွင့်တွေကော အစစ်အမှန် ရကောရနေပေလို့လား။

အပေါ်ယံ ရွှေမှုန်ကျဲဆိုတာကို အားလုံးအသိပါပဲ။

သေတာတောင် ဖြောင့်ဖြောင့်မသေရတဲ့ဘဝ ဆိုတာက တော့ အမှန်ပါပဲဗျာ။ နာရေးကူညီမှုအသင်းကြီး မရှိခင်ကဆို အသုဘရှင်တွေ၊ အသက်ရှုကျပ်ခဲ့ရတဲ့ အဖြစ်ကိုလည်း ကို ကျော်သူက ဒီလိုပြောပြခဲ့ပါသေးတယ်။

“အခက်အခဲဆိုတာ သင်္ဂြိုဟ်ရမယ့်စရိတ်ပေါ့။ ဥပမာ မီးသင်္ဂြိုဟ်စရိတ်၊ နယ်တွေမှာဆို မြေမြှုပ်ခ မတတ်နိုင်ကြဘူး။ ဒါတွေကြောင့်ပါ။ နောက်ပြီး သုသာန်ကိုသယ်ဖို့ ကားခ။ ဒါတွေလည်း ပါတာပေါ့။ သုသာန်ကိုသယ်ဖို့ နေအိမ်နဲ့ဝေးတယ်ဆိုရင် ဝေး သလောက် ကုန်ကျစရိတ်က များမယ်။ အဲဒါတွေ ကြောင့် အသုဘစရိတ် မတတ်နိုင်ကြဘူး။ လွန်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်က ဘဘဦးသုခ ဆေးရုံတက်တော့ ကိုယ်တွေ့က ဘေးက လူနာ ဆုံးသွားတယ်။ သူ့ မိသားစုက မလာတော့ ပိုင်ရှင်မဲ့ လမ်းဘေးမှာ သေခဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေနဲ့ စုပုံပြီး မီးရှို့ရတယ်။ ဒါကို ဘဘက တွေ့လို့ နာရေးကူညီမှုလုပ်ငန်း လုပ်မှပဲဆိုပြီး လူမျိုးမရွေး၊ ဘာသာမရွေး အခမဲ့သင်္ဂြိုဟ်တဲ့လုပ်ငန်းကို ကျွန်တော်တို့က စခဲ့တာ”

ဒီမှာ ပြောချင်တာက ကိုကျော်သူရဲ့ စိတ်၊ စေတနာ၊ မေတ္တာကို တိတိပပ မြင်တွေ့နိုင်တဲ့စကားလို့ ထင်ပါတယ်။ သေလည်းသေချာပါတယ်။

လူမျိုးမရွေး၊ ဘာသာမရွေး၊ အယူတ်အလတ်၊ အမြတ်မရွေး ကူညီချင်တဲ့ဆန္ဒဟာ ဒီနာရေးကူညီမှုအသင်းကြီးမှာ အပြည့်အဝရှိနေတာကို အမြင်အတွေ့ပါ။

ကိုကျော်သူတို့အဖွဲ့ နာရေးကူညီမှုအသင်းဆိုတာ နိုင်ငံရေးလုပ်လိုတဲ့ အသင်းလည်း မဟုတ်၊ အမတ်အရွေးခံမယ့်လူတွေလည်း မဟုတ်၊ သမ္မတလုပ်မယ့်လူလည်း တစ်ယောက်မျှ မပါတာကို အထက်က သိထားဖို့ လိုတယ်လို့ ထင်ပါတယ်။

ပရဟိတအသင်းဖြစ်လို့ သာခုတောင် ခေါ်ရမယ့်အစားဘာလို့များ အနှောင့်အယှက်၊ အပိတ်အပင်၊ အတားအဆီးနဲ့ စစ်ကျောမေးမြန်းနေကြတာကိုဖြင့် နားမလည်တော့ပါကလား။





## ငါးနှစ်ကျော် ရုပ်ရှင်ရိုက်ခွင့် ပိတ်ပင်တားမြစ်ခြင်းခံရတဲ့ ကိုကျော်သူ

တစ်ပါတီအာဏာရှင်၊ စစ်အာဏာရှင်တို့ရဲ့ လက်အောက်မှာ နေထိုင်အသက်ရှင်ခဲ့ရတဲ့ ပြည်သူလူထုများဟာ လူ့မှုလွတ်လပ်ခွင့်ဆိုတာ မရရှိခဲ့ကြပါဘူး။

တရားဥပဒေဆိုတာလည်း လုံးဝမှောင်ချထားခံခဲ့ရပါတယ်။ အာဏာရှင်တို့ရဲ့ အလိုကျ၊ အာဏာရှင်တို့ရဲ့ စိတ်တိုင်းကျ၊ အာဏာရှင်တို့ရဲ့ ခိုင်းစေသမျှ လုပ်ကိုင်ဆောင်ရွက်ပေးနေရတဲ့အတွက် ပြည်သူ့လွတ်လပ်ခွင့်မှန်သမျှ ဆုံးရှုံးခဲ့ကြရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလဲ။ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ဆိုတာ ဘယ်မှာလဲ။ လွတ်လပ်စွာ၊ ငြိမ်းချမ်းစွာ တန်းစီတောင်းဆိုခွင့်ဆိုတာ ဘယ်မှာလဲ။ လွတ်လပ်စွာ ရေးသားခွင့်ဆိုတာ ဘယ်မှာလဲ။ လွတ်လပ်စွာ ဟောပြောခွင့်ဆိုတာ ဘယ်မှာလဲ။ လွတ်လပ်စွာ ထုတ်ဝေခွင့်ဆိုတာ ဘယ်မှာလဲ။

လွတ်လပ်စွာ တရားစီရင်ခွင့်၊ တရားရေး မျှတစွာ ရင်ဆိုင်ခွင့် စတဲ့ ဒီမိုကရေစီအခွင့်အရေးများ အားလုံးဆုံးရှုံးခဲ့ပြီး မှောင်ထဲက မြန်မာပြည်ဖြစ်ခဲ့တာကို ယနေ့ပြည်သူတွေ မေ့နိုင်ကြဦးမှာ မဟုတ်ပါဘူး။

ဒီနေ့ ဒီမိုကရေစီအခွင့်အရေးဟာ ထင်သာမြင်သာ ရောက်ရှိနေပါပြီလို့ သံကောင်းဟစ်နေကြပေမယ့် လွတ်လပ်ရေးကတော့ ဆုံးရှုံးမြဲ ဆုံးရှုံးနေဆဲပါပဲ။

ပုဒ်ထီး ပုဒ်မတွေက အသက်ဝင်နေဆဲဆိုတာ ဘယ်သူမှ ငြင်းမရတဲ့ အနေအထားပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို ခေတ်အဆက်ဆက်က တစ်ပါတီအာဏာရှင်တို့ရဲ့ စိတ်ကြိုက်ရေးဆွဲ ကြိုးကိုင်ထားတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် သူတို့စိတ်တိုင်းကျရေးဆွဲထားတဲ့ စည်းမျဉ်း





ဥပဒေအတိုင်း လူ့အခွင့်အရေးကို ဘေးချိတ်ပြီး မတရားပိတ်ပင်ခံခဲ့ရလို့ များစွာနစ်နာဆုံးရှုံးခဲ့ရတဲ့ သာဓကတွေ တွေ့ရှိခဲ့ရတာပါ။

အကယ်ဒမီရုပ်ရှင်မင်းသား ကိုကျော်သူ့အဖြစ်ကို ကြည့်နိုင်ပါတယ်။ ကိုကျော်သူဟာ ပြည်သူချစ်တဲ့ အနုပညာသမားတစ်ယောက်ပါ။ သူ့အနုပညာကို သူ စိုက်လိုက်မတ်တတ် လုပ်ကိုင်နေတာပါ။

အောင်မြင်မှုတွေလည်း ရခဲ့ပါတယ်။

ကိုကျော်သူဟာ သူ့အနုပညာဖြစ်တဲ့ ရုပ်ရှင်လုပ်ငန်းကလွဲပြီး နိုင်ငံရေးကို ဘာမှမသိရှာဘူးဆိုတာ ဆရာဝင်းငြိမ်းက ဒီစာပိုဒ်ကလေးနဲ့ ထောက်ပြပေးခဲ့တာကို ဖတ်ရှုခဲ့ရပါတယ်။

> "သရုပ်ဆောင်ဆု၊ ဒါရိုက်တာဆုတွေ သူ ရပြီးတဲ့နောက်မှာတော့ တိုင်းပြည်မှာ အပြောင်းအလဲဖြစ်ဖို့ အချိန် ရောက်လာခဲ့ပါပြီ။ ရွှေဝါရောင်တော်လှန်ရေးကာလမှာ ရန်ကုန်မြို့လယ်က ဆူးလေစေတီတော်မှာ တရားပွဲကျင်းပမယ်ဆိုတဲ့ သတင်းကြောင့် သူ ကျွန်တော့်ရုံးခန်းရှိရာ မဟာဗန္ဓုလပန်းခြံလမ်းကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါတယ်။ နိုင်ငံရေးကို သူ ဘာမှနားမလည်ဘူး ဆိုတာ အစ်ကိုရင်းလိုဖြစ်နေတဲ့ ကျွန်တော် ကောင်းကောင်းသိတာပေါ့။ ဒါကြောင့် ရုံးမှာရှိတဲ့ ကျွန်တော့် အခန်းထဲမှာ မင်းအိပ်နေလို့ ဆိုပြီး တံခါးပိတ်ထားခဲ့ပါတယ်”

လို့ ဆိုပါတယ်။

ကိုကျော်သူ အဲဒီအထဲ ပါဝင်ခဲ့ရတဲ့ အကြောင်းရင်းကို ပြန်ဆန်းစစ်ကြည့်မယ်ဆိုရင် ‘အိမ်ရှေ့မှ အိမ်နောက်ဖေး မချမ်းသာ’ ဆိုတဲ့ စကားပုံအတိုင်း နေမှာပါ။

စီတန်းလှည့်လည်လာတဲ့ သံဃာတော်အရှင်မြတ်တွေဟာ အဆောင်းမပါ၊ ထီးမပါဘဲ နေရောင်အောက်မှာ မေတ္တာသုတ်ရွတ်လာကြတာ အများအမြေ့ပဲ။

နိုင်ငံ့အာဏာကို တောင်းတာလည်းမဟုတ်။ အာဏာပိုင်အဖွဲ့အစည်း ပြုတ်ကျအောင် လုပ်တာလည်းမဟုတ်။ ငြိမ်းချမ်းစွာ၊ တိတ်ဆိတ်စွာ လှည့်လည်ဆုတောင်း မေတ္တာပို့ကြတာပါ။

ဒါကို ကြည်ညိုလေးစားတဲ့ ကိုကျော်သူက လှူဖွယ်ပစ္စည်းများနဲ့ ထောက်ပံ့ကူညီတယ်။ ဒါ အပြစ်လား။ ဒါ နိုင်ငံတော်ကို ဆူပူအောင် လှုံ့ဆော်အားပေးတာလား။





အပြစ်ကို ပုံကြီးချဲ့ကြတာကတော့ အစိုးရ။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကိုကျော်သူအား အနုပညာလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရက ပိတ်ထားခဲ့တာပါ။ ငါးနှစ်ကျော်ကာလအထိ လုပ်ကိုင်ခွင့်၊ သရုပ်ဆောင်ခွင့်မပေးဘဲ ထားခဲ့ပါတယ်။

၂၀၁၂ ခုနှစ်၊ မေလလောက်ကျမှ ရုပ်ရှင်ရိုက်ကူးခွင့် ပြန်လည်ခွင့်ပြုခဲ့ခြင်း ဖြစ်တယ်။

ဒီလို နှစ်ရှည်လများ တားမြစ်ခဲ့ခြင်းကြောင့် အနုပညာသမားတစ်ဦးရဲ့ဘဝကို အသေသတ်ခဲ့တာဟာ အာဏာရှင်တွေရဲ့ လုပ်ရပ်တွေပါပဲ။

ဥက္ကဋ္ဌဦးဇင်မိုင်းက ကိုကျော်သူကို ဒီလိုအမြင်စကားနဲ့ ပြောကြားရာမှာတော့…

“ကိုကျော်သူလို တကယ်တော်ပြီး တကယ်ထူးချွန်တဲ့ လေးစားရတဲ့ ပုဂ္ဂိုလ်ကို အခုလို ရုပ်ရှင်ရိုက်ခွင့် ပြန်ပေးတာ ဝမ်းသာမိပါတယ်”

လို့ ဝမ်းမြောက်ဝမ်းသာစကား ဆိုခဲ့တာပါ။ ဆက်လက်ပြီးတော့လည်း…



www.burmeseclassic.com

www.burmeseclassic.com



"မေလ ၂၉ ရက်နေ့က ကျွန်တော်တို့ဆီ စာပြန်လာတယ်။ အရင်နှစ်ကလည်း ဦးကျော်သူပါတဲ့ ရုပ်ရှင် ကားနှစ်ကား ထုတ်လုပ်ခွင့်ပေးလိုက်ပြီလို့ ပြောတယ်။ ပိတ်ထားတယ်၊ မပိတ်ထားဘူးတော့ ပေါ်တင်မပြောတော့ဘူး။ ပြီးတော့ အလုပ်အမှုဆောင် အဖွဲ့ဝင်များ ဆုံးဖြတ်ချက်နဲ့ ရုပ်ရှင်ရိုက်ကူးတာကို ပိတ်ပင်ခြင်းမရှိတော့ဘူးဆိုတဲ့ အကြောင်းကြားစာ ပေးပို့လိုက်ပါတယ်"

လို့ ဆိုတယ်။

ကိုကျော်သူကို ရုပ်ရှင်နဲ့ ဗွီဒီယိုသရုပ်ဆောင်ခွင့် ပိတ်ခဲ့တဲ့ အကြောင်းပြချက်ရတော့ ၂၀၀၇ ခုနှစ်၊ ရွှေဝါရောင်တော်လှန်ရေးမှာ ပါဝင်လှုပ်ရှားခဲ့သူများအား စားနပ်ရိက္ခာများ ဝေငှခြင်းနဲ့ပတ်သက်ပြီး ပြုလုပ်ခဲ့မှုအတွက်ကြောင့်တဲ့။

ပုဒ်မက အတော်ကြီးကျယ်သွားတာပဲနော်။

**ကိုကျော်သူရဲ့ ရင်ခုန်နှင်းဆီနဲ့ လွှတ်လပ်ခြင်း ဇာတ်ကား**

တစ်ဆယ့်နှစ်နှစ်တာကာလအတွင်း ဆင်ဆာပိတ်ထား



တဲ့ ဗွီဒီယိုဇာတ်ကား (၂၉)ကားအား ဖြေလျှော့ပေးခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက သိရှိခဲ့ရတယ်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆင်ဆာပိတ်ထားတဲ့ ဇာတ်ကား (၇၀)ရှိတဲ့ အနက်မှ (၂၉)ကားကို ဖြေလျှော့ပေးလိုက်တယ်လို့ ပြန်ကြားရေးဝန်ကြီးဌာနက ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောပါတယ်။ အဲဒီတုန်းက ပြည်ထောင်စုဝန်ကြီးက ဦးကျော်ဆန်းပါ။ ကောင်းတာပေါ့။ ကိုယ်တိုင် ကုလားဖန်ထိုး၊ ကိုယ်တိုင်ဝေတဲ့ ဖဲ၊ ဘာဖဲလဲ ဆိုတာ မသိလေရော့သလား။

ကျေးဇူးပဲ တင်ရတော့မလိုလိုပေါ့နော့။

ဒီ (၂၉)ကားထဲမှာ ကိုကျော်သူ ဒါရိုက်တာနဲ့ သရုပ်ဆောင်ထားပြီး ရိုက်ထူးခဲ့တဲ့ 'ရင်ခုန်နှင်းဆီ' ဇာတ်ကားလည်း ပါပါတယ်။ ဟုတ်တော့ဟုတ်ပါတယ်။ ကိုယ်ကိုယ်တိုင် ရိုက်ကူးသရုပ်ဆောင်ခဲ့တဲ့ ဇာတ်ကားအတွက် ငါးနှစ်ကျော် ရင်ခုန်စိတ်မောခဲ့ရတာ ခုလောက်ဆို သက်မ,ချရုံလောက်ပဲ ရှိဦးမှာပေါ့နော်။

ကိုကျော်သူရေ…

'လွှတ်လပ်ခြင်း' ဆိုတာကိုကော မျှော်ကြည့်ပါဦးလေ။

www.burmeseclassic.com

www.burmeseclassic.com

"မင်းသားတော့ မင်းသားပဲ
ဒါပေမယ့်...ကျွန်တော်က မသာမင်းသားပါ။
ဒါပေမယ့် ကျွန်တော် ဂုဏ်ယူပါတယ်"





## ဂုဏ်ရည်ပြည့်ဝ နှလုံးလှတဲ့ ကိုကျော်သူ

ကိုကျော်သူ့ဘဝ၊ ကိုကျော်သူ့ပုံရိပ် တစ်ဆစ်တစ်ပိုင်းကိုလည်း လေ့လာသုံးသပ်ဖို့ လိုအပ်လိမ့်မယ်လို့ ထင်မိပါတယ်။ ဆရာ ဟံသာဝတီဦးဝင်းတင်ကတော့ ကိုကျော်သူ့ဘဝပုံရိပ်ထဲက အမှာစာမှာ ဒီလို ဆုတောင်းပထနာပြုထားတာကို တွေ့ရဖတ်ရ မှတ်ရခဲ့ဖူးပါရဲ့။

ကိုကျော်သူနဲ့ ပြည်သူ၊ ခရီးတူ လှမ်းကြရင်း ... ဆိုတဲ့အပိုဒ်အောက်မှာ ဒီစာကလေးကို ဖတ်ရှုရင်း ပီတိဖြစ်ခဲ့ရပါတယ်။

စာမှာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်သူတစ်ယောက် ဘဝအတွေ့အကြုံတွေ များလွန်းမက များလှရောပေါ့။ အနုပညာရှင်တစ်ယောက်အနေနဲ့ ဖြတ်သန်းခဲ့တဲ့ ပုဂ္ဂလိကခရီးကလည်း အရှည်အဝေးကြီး။ ဖြုဟ္မစိုရ်ိတရားရှင်တစ်ယောက် အနေနဲ့ ကျော်လွှားခဲ့တဲ့ လူမှုဘဝကလည်း တစ်မျှော်တစ်ခေါ်ကြီး။ ဒါတွေက ကိုကျော်သူရဲ့ ပုဂ္ဂိုလ်ထူးဂုဏ်ရည်တွေပဲ။

စစ်အာဏာရှင်တွေရဲ့ နှစ် ၂၀ လွှ့ငရဲဘဝဆိုးကို ဖြတ်သန်းခဲ့ရတဲ့ ကျွန်တော့်လိုလူအဖို့ ကိုကျော်သူရဲ့ ဘဝခရီးလမ်းဟာ တယ်ဖြောင့်တန်းပေသကိုး ... တယ်ချောမွေ့သကိုး...နှံ့သာပက်ဖျန်း ပန်းခင်းသောလမ်းပါတကားလို့ မုဒိတာစကား ဆိုစရာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီ ပန်းခင်းသောလမ်းပေါ်မှာကို ဆူးခက်တွေ ညို၊ ခလုတ်တွေ ထိ၊ တအိအိနဲ့ ခရီးမတွင်ဖြစ်နေတာတော့ ကိုကျော်သူပဲ သိမှာ ဖြစ်ပါတယ်။ ကိုကျော်သူကို ယုံကြည်ကိုးစား အားထားစန်းရံသူတွေကတော့ လမ်းပျက်ရင် ဝိုင်းဖို့ကြဖို့၊ ဘီးနစ်ရင် ဝိုင်းတွန်းကြဖို့၊ လှည်းကျိုးရင် ဝိုင်းပြောကြဖို့ အား





မွေးထားကြရမှာပဲ ဖြစ်ပါတယ်။ ကိုကျော်သူတစ်ယောက် ဒီခရီးစခန်းတစ်ထောက်အထိ ပေါက်ရောက်လွန်မြောက်ခဲ့ပြီ။ ကိုကျော်သူ အနာဂတ်ခရီးရှည်ကြီးကို အောင်မြင်ချောမောစွာ ဆက်လက်တက်လှမ်းနိုင်ပါစေ။ ဝေနေယျသတ္တဝါတွေအားလုံးရဲ့ ဘဝခရီးလမ်းဖြိုကွဲ ကျိုးပေါက်မှုတွေကိုလည်း ဦးဆောင်ဖို့ဖာပေးနိုင်ပါစေ။ လူထုတွေရဲ့ ဘဝလှည်းကျိုးပျက်တွေကိုလည်း ဦးဆောင်ပြင်ဆင်ပေးနိုင်ပါစေလို့ မေတ္တာသုတ်တစ်ပုဒ်လုံး ပုဒ်မပါ ကျုံးပြီး ဟည်းတိုက်လို့ ပို့သွတ်လိုက်ရပါကြောင်း"

စတဲ့ မုဒိတာစကားနဲ့ မေတ္တာပို့သထားတာကို ဖတ်ရံပါတယ်။ ဆရာ ကိုကျော်သူ့အပေါ် ရှုမြင်ရတဲ့အတိုင်း ဆရာ့စေတနာ၊ ဆရာ့မေတ္တာကို မြင်တွေ့ခံစားရသလို၊ ဆရာ့ဆုတောင်းသံကလည်း ရင်မှာ ကြည်နူးခံစားရသလို ရှိရပါပေတယ်။

သူတော်ကောင်း နတ်ကောင်းမ ဆိုတဲ့စကား ရှိပါတယ်။ ကိုကျော်သူတို့ အခုလုပ်ဆောင်ပေးနေတဲ့ လူမှုရေး

www.burmeseclassic.com



အလုပ်က အလွန်မွန်မြတ်တဲ့အလုပ်ပါ။ စေတနာပါတဲ့ အလုပ်ပါ။ သာခုခေါ်မယ့်လူတွေ၊ နတ်ပြဟွာတွေ ရှိနေပါပြီ။ ခေါ်လည်း ခေါ်နေကြပါပြီ။

## ဘဝပုံရိပ်များရဲ့ သမိုင်းအစ

ကိုကျော်သူ့မွေးသက္ကရာဇ်က ၁၉၅၉ ခုနှစ်ပါ။ မိဘများမှာ ဦးစိန်တင်၊ ဒေါ်မြသန်းပါတဲ့။ ကိုကျော်သူ့မိဘများက ခေတ်အကြိုက် ဆိုတဲ့ နိုင်လွန်စက်တွေ ရှိခဲ့ပါတယ်။

အဘွားပိုင်တဲ့ စက်ရုံပါ။ ဖခင်ကြီးက ဘိုးဘွားပိုင် အလုပ်ကိုပဲ လုပ်ကိုင်ကြတယ်။ ဒါက ၁၉၆၂ ခုနှစ်အထိ။ အဲဒီနောက်မှာတော့ အဲဒီစက်ရုံကို ပြည်သူပိုင် သိမ်းသွားပါသတဲ့။

ကိုကျော်သူ့ဖခင် ခေတ်အကြိုက်စက်တွေကို ပြည်သူပိုင် သိမ်းလိုက်တော့ ရုပ်ရှင်လုပ်ငန်းဘက် လှည့်လာတယ်။ အမျိုးသား တိုးတက်ရေးကုမ္ပဏီဆိုတာ ဖြစ်လာတယ်။ ဟိုတုန်းက 'ကာလ်တန်' ရုပ်ရှင်ရုံပါပဲ။ ခု အဲဒီနေရာတွေ မရှိတော့ဘူး။ စင်ထရယ်ဟိုတယ်လေ။

အဲသလို ရုပ်ရှင်ထုတ်လုပ်ရေး၊ ရိုက်ကူးရေးတွေ လုပ်





နေရာကနေ ခွဲထွက်တယ်။ ကိုယ့်ဖာသာကိုယ် သီးခြားထောင်လိုက်တယ်။

အမျိုးသားရုပ်ရှင်ဆိုတဲ့ နာမည်နဲ့။

## ရုပ်ရှင်နဲ့မစိမ်းတဲ့ ကိုကျော်သူ

ဖခင်က ရုပ်ရှင်လုပ်ငန်းလုပ်တယ်ဆိုတော့ ကိုကျော်သူလည်း အထိအတွေ့ ရှိလာရတာပေါ့။ ခပ်ငယ်ငယ်ကတည်းကပင် ဖခင်ရဲ့ စတူဒီယိုထဲကို မကြာမကြာ ရောက်သွားတယ်။ အတွေ့အကြုံအမြင်များလာတာနဲ့အမျှ ကိုကျော်သူ့ရင်မှာ အနုပညာစိတ်၊ အနုပညာခံစားမှုတွေ ထဲထဲဝင်ဝင် ဖြစ်လာရပြန်တယ်ပေါ့။

အဲဒီအချိန်က ကိုကျော်သူက ငယ်ငယ်။

ရုပ်ရှင်နဲ့ ဘယ်လိုမှ စပ်အပ်လို့မရသေးဘူး။ ဝါသနာကို ခေတ္တထားပြီး အထူးစိတ်ဝင်စားတဲ့ ဓာတ်ပုံရိုက်တဲ့ဘက် လှည့်နေရတယ်။ ဓာတ်ပုံပညာကိုတော့ ဦးလေးဖြစ်တဲ့ ဦးစန်းအောင် (ယူအက်စ်အေ)ဆီက ပညာယူခဲ့ပါသတဲ့။

အဲဒီတုန်းကတော့ ဓာတ်ပုံအပျော်တမ်း ကျော်သူပေါ့။ ကျောင်းပွဲတွေ၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲတွေ၊ လှေပြိုင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ မသန်စွမ်းအားကစားပြိုင်ပွဲတွေမှာ ကိုကျော်သူ့ဓာတ်ပုံလက်ရာတွေ အများကြီး၊ အများကြီး။

ဓာတ်ပုံအပြင် ပန်းချီဆွဲတာကိုလည်း စိတ်ဝင်စားတယ်တဲ့။ ဒါကြောင့် နွေရာသီကျောင်းပိတ်တယ်ဆိုရင်ပဲ သင်တန်းတက်လိုက်သေးရဲ့။ ဆယ်တန်းအောင်ပြီး ဒေသကောလိပ် ၂ ရောက်တယ်ဆိုရင်ပဲ လှိုင်တက္ကသိုလ်မှာ ပန်းချီပြပွဲလုပ်တော့ ပန်းချီကားတွေ ပြသခွင့်ရခဲ့လို့ ရောင်းချခွင့်ရခဲ့ပါတယ်။

## သုံးမည်ရ မောင်မောင်

ကိုကျော်အူ့ငယ်နာမည်က မောင်မောင်တဲ့။ အိမ်မှာခေါ်တာ။

ကျောင်းမှာတော့ တစ်မျိုး။ မောင်ကျော်ဝင်းလို့ ခေါ်သတဲ့။ ရုပ်ရှင်မှာ ကျော်သူ။ ကိုကျော်သူက ပညာရေးဘက်မှာ သိပ်စိတ်ဝင်မစားဘူးတဲ့။ ဒါပေမယ့် ပျော်ပျော်ပါးပါးနေရတာကို ကျေနပ်တယ်။

ဒေသကောလိပ် ၂ ရောက်တော့ သူငယ်ချင်းတွေနဲ့ သွားကြ၊ စားကြ၊ သောက်ကြနဲ့ ခပ်ပျော်ပျော်ပါပဲ။ Physic မေဂျာနဲ့ ဒုတိယနှစ်အရောက်မှာတော့ ကိုကျော်သူ့ဘဝ တစ်ဆစ် အလှည့်အပြောင်းရှိလာတယ်။





## ချစ်သူ ရွှေဇီးကွက်

ဒုတိယနှစ်ရောက်တယ်ဆိုရင်ပဲ ကိုကျော်သူ့ရင်မှာ အတွယ်အတာကလေး ရှိလာတယ်။ ရွှေဇီးကွက်ကို ကျောင်းမှာပဲ တွေ့တယ်။ သူမကို အတော့်ကို စွဲစွဲလမ်းလမ်း ချစ်မိတယ်လေ။

အချစ်နဲ့ပတ်သက်လာရင် စွန့်စားချင်တဲ့စိတ်လည်း ကိုကျော်သူ့ရင်ထဲမှာ အပြည့်။ ဒါ့ကြောင့် အလိုမတူဘဲ ကားတင်ပြီး ခိုးပြေးခဲ့တယ်တဲ့။ ဒါက ကိုကျော်သူ့ရဲ့ ဘယ်အရာမဆို တစ်ဖွတ်ထိုးလုပ်ရမှာ ကျေနပ်ပျော်ရွှင်တတ်တဲ့ အကျင့်တစ်ခုလို့ သိရပါတယ်။ ဒါပေမယ့် ကို ကျော်သူမှာ တစ်ခုတော့ ခံယူချက်ရှိတယ်။

လုပ်ပြီဟော့ ဆိုရင်လည်း ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ ယုံကြည်ချက်ပဲ။

ပညာရေး စကောစကနဲ့မို့ မိဘတွေက သဘောမကျကြပေ။ ဒါက နှစ်ဖက်စလုံးပါ။ ကိုကျော်သူကတော့ တူနှစ်ကိုယ် တဲအိုပျက်မှာ အတူနေရ ဆိုသလို နေလို့မဖြစ်မှန်းသိတယ်။

အလုပ်တစ်ခုခုရှိမှ။ အလုပ်တစ်ခုခုလုပ်မှ။ အလုပ်လုပ်ဖို့ စဉ်းစားရပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



## ယောက်ျားဆို အလုပ်လုပ်မှ...

အလုပ်လုပ်ဖို့ဆိုရင်တော့ ကိုယ်နဲ့ဆက်နွယ်တဲ့အလုပ်ပဲ လုပ်ဖို့ စဉ်းစားတယ်။ ဒါက မိဘလက်ငုတ်လက်ရင်းပဲ။ ဒါပေမယ့် အသက်က ငယ်တယ်။ ဒါရိုက်တာလုပ်လို့မဖြစ်။

မင်းသားလုပ်ဖို့၊ သရုပ်ဆောင်ဖို့ လက်ကမ်းခေါ်တာတွေ ရှိပါတယ်။

အဲသလို ရုပ်ရှင်လောကထဲဝင်ဖို့ စဉ်းစားနေချိန်မှာပဲ ကိုကျော်သူနဲ့ ဒါရိုက်တာမိုလ်ဗကိုပါ တွေ့တယ်။ အခြား ဒါရိုက်တာတွေလည်း ရှိပါတယ်တဲ့။ ကမ်းလှမ်းမှုတွေကို ချိန်ဆနေချိန်မှာ ဒါရိုက်တာမျိုးမြင့်အောင်နဲ့မှ တော့တော့ဆိုင်ဆိုင် ရှိသွားတယ်လို့ ကိုကျော်သူက ဆိုတယ်။

## အစ်မ မင်္ဂလာဆောင်ကို ရောက်လာတဲ့ ဒါရိုက်တာ

မင်္ဂလာဆောင်ပွဲကို ဒါရိုက်တာမျိုးမြင့်အောင် ရောက်လာတယ်။ ကိုကျော်သူ့အစ်မရဲ့ မင်္ဂလာဆောင်။ ကိုကျော်သူ့ကို ရုပ်ရှင်တင်ရိုက်ဖို့ ကိုကျော်သူ့မိဘများနဲ့ ဆွေးနွေးတယ်။ ခွင့်တောင်းတယ်။

မိဘတွေက လုပ်ကြည့်ပေါ့လို့ ဆိုတယ်။ မယုတ်မလွန်





ပဲ။ ဘာလို့လဲဆိုရင် ကိုကျော်သူ့အကျင့်က စကားနည်းတာတွေ၊ အေးအေးဆေးဆေး နေတာတွေ ရှိတာကို။ ဒါတွေကို အိမ်က လူတွေက သိနေကြလို့ သိပ်မထင်ရဲကြဘူး ဖြစ်နေတာပေါ့။

တကယ်လုပ်မယ်လည်းဆိုရော နာမည်က ပြဿနာပဲ။

## နာမည်ရှာပုံတော်

ရုပ်ရှင်မင်းသားတင်ရိုက်တော့မယ်ဆိုတော့ မင်းသားနာမည်က လိုလာပြီ။ အလျဉ်းသင့်သလို ပေးလို့မဖြစ်။ နေ့နဲ့ နာမ်နဲ့ အကျအနတွက်ချက်ပြီး ပေးမှ။ အောင်မြင်မယ့်နာမည်၊ ပေါက်မယ့်နာမည်က အဓိက။

ဗေဒင်ဆရာတွေ အတော်များများကို လိုက်မေးတယ်။ တွက်ချက်တယ်။ ဘယ်ဗေဒင်ဆရာကမှ ကိုကျော်သူ မင်[illegible] ဖြစ်လိမ့်မယ်လို့ ဟောကိန်းမထွက်ဘူး။

ကိုကျော်သူ စိတ်ဓာတ်ကျမယ်ဆိုရင် ကျလောက်စရာပင်။

ဒါပေမယ့် ကိုကျော်သူ စိတ်ဓာတ်မကျ။ အားမလျှော့။ အရှုံးမပေး။



www.burmeseclassic.com

www.burmeseclassic.com



## ဆရာကြီးမင်းသိခ်ရဲ့ ကျေးဇူးကြောင့်

ရုပ်ရှင်လောကထဲ ခြေစုံပစ်ဝင်တော့မယ်ဆိုတော့ ဗေဒင်ဆရာ အတော်များများနဲ့ တွေ့တယ်။ ဘယ်ဆရာကမှ အာမခံချက် မပေးနိုင်ခဲ့ဘူး။ မဖြစ်နိုင်လို့သာ အဖြေရတယ်။

ကိုကျော်သူ ဆရာကြီးမင်းသိခ်ထံ သွားတယ်။ ဆရာကြီးမင်းသိခ်က ဖြစ်ရမယ်၊ ဖြစ်ကိုဖြစ်ရမယ်လို့ ပြောတယ်။ ကျော်သူဆိုတဲ့နာမည်ကို ရွေးပေးတယ်။

ကျော်သူဆိုတဲ့ မင်းသား ဖြစ်လာတယ်။ ဒါဟာ ဆရာကြီးမင်းသိခ်ရဲ့ ကျေးဇူးပဲပေါ့။

ဒါ့အပြင် ရုပ်ရှင်လောကထဲက သင်ဆရာ၊ မြင်ဆရာတွေရဲ့ကျေးဇူးကိုလည်း ကိုကျော်သူက မမေ့။ **'ကျော်သူဆိုတာ ပိုပြီးလူသိများလာခဲ့တာပေါ့'** လို့ ကိုကျော်သူက ကျေးဇူးစကား ဆိုခဲ့ပါတယ်။

ကျေးဇူးသိတတ်သူရဲ့ မင်္ဂလာစကားပါပဲ။

## ဖြတ်သန်းကျော်ဖြတ်ခဲ့ရတာကို ကျေနပ်တဲ့ ကိုကျော်သူ

ကိုကျော်သူအဖို့ ရုပ်ရှင်လောကထဲ ဝင်လာတော့ အတွေ့အကြုံက မနည်းပါဘူး။ ရုပ်ရှင်စရိုက်တယ်ဆိုရင်ပဲ ကိုကျော်သူနဲ့ ရင်းနှီးတာက အန်တီချိုပြုံးတဲ့။ တင်နီလာဝင်းတို့၊ သီတာဝင်းတို့နဲ့ သိပ်မရင်းနှီး။





ဒါကြောင့် သူစိမ်းမိန်းကလေးတွေနဲ့ တွဲပြီး သရုပ်ဆောင်တဲ့နေရာမှာ ကိုကျော်သူ့ရင်ထဲမှာ ရှက်သလို၊ ကြောက်သလိုလိုကြီးပေါ့။

ဒါပေမယ့် Mood ရအောင် သွင်းတယ်။ သရုပ်ပီအောင် ကြိုးစားတယ်။ မှုဆိုးဆိုင်သင်ဆိုသလို တဖြည်းဖြည်းနဲ့ ဖြစ်လာတယ်ပေါ့။ ဒါရိုက်တာဆရာမျိုးမြင့်အောင်ကလည်း ကျကျနန ညွှန်ကြားသင်ပြပေးပါတယ်။

ကိုကျော်သူတို့ခေတ်တုန်းကဆိုရင် ရုပ်ရှင်မင်းသား တစ်ယောက် ဖြစ်လာဖို့ဆိုတာ လွယ်တော့မလွယ်ဘူး။ ရုပ်ရှင်မှာ သမ္မာရင့်၊ ဝါရင့်တွေက နည်းမှတ်လို့။

သူတို့ကို အမှီလိုက်ပြီး သရုပ်ဆောင်နိုင်ပါမှ။ လိုက်မလုပ်နိုင်လို့ကတော့ သွားရောမှတ်။ မြင်ဆရာ၊ သင်ဆရာ၊ ကြားဆရာတွေရဲ့ နည်းပညာတွေကို ထဲထဲဝင်ဝင် လေ့လာမှတ်သား၊ အတုယူပြီး ကြိုးစားရတာပါ။

ကိုယ့်ကြိုးစားမှုကလည်း ရှိ၊ ဆရာငြိမ်းကျော်၊ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)တို့ရဲ့ ဇာတ်ကွင်းတွေကလည်း ကောင်းဆိုတော့ ကိုကျော်သူဟာ ပြည်သူချစ်တဲ့ မင်းသားနေရာကို ရခဲ့တာဟာ ချီးကျူးထိုက်ပါပေတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ချစ်ကြိုးလေးနှစ်မျှင်နဲ့ စင်တင်

ကိုကျော်သူ ရုပ်ရှင်လောကထဲ ခြေချတယ်ဆိုကတည်းက လွယ်လွယ်ကူကူတော့ မဟုတ်ပါဘူး။ ချစ်ကြိုးလေးနှစ်မျှင်ကပဲ ကိုကျော်သူအဖို့ သည်းထိတ်ရင်ဖိုပါပဲ။

ဘာဖြစ်လို့လဲဆိုရင် ဇာတ်လမ်းဇာတ်ကွက်ကိုက နှစ်ကိုယ်ခွဲ။ တစ်ကိုယ်နဲ့ တစ်ကိုယ် စရိုက်မတူအောင် သရုပ်ဆောင်ရတယ်။

ဒီကား ရုံတင်တော့ ကိုကျော်သူဟာ ကျော်သူ ဖြစ်လာတယ်။

ပရိသတ်က လက်ခံတယ်။ အားပေးတယ်။ နေရာရလာတယ်။ ဒီကားရဲ့ အောင်မြင်မှုနဲ့အတူ ကိုကျော်သူ့အဖို့ သံယောဇဉ်ကြိုးကလေးတစ်မျှင် တိုးလာပြန်တယ်။

ဒါလည်း ဝမ်းသာဂုဏ်ယူစရာပါပဲ။

ချစ်ဇနီးရွှေဇီးကွက်က ကိုကျော်သူ့အတွက် သားယောကျ်ားကလေး မွေးပေးခဲ့ပါတယ်။ သားကလေး မောင်ပြည့်သိမ်းကျော် တဲ့။

ဖခင်အတွက် တစ်အားတက်စေခဲ့တဲ့ သားကလေးပါပဲ။





နောက်တစ်ယောက်ကတော့ လမ်းကောင်းလမ်းမြတ်ကို ပြောင်းလွဲပေးမယ့် ချစ်သမီးကလေးလေ။ သမီးရတနာကလေး မြင့်မိုရ်ဦးပါ။ အသိတရားတွေ၊ တရားသဘောတွေ မျှဝေပေးလိုက်တဲ့ သမီးကလေးကြောင့်လည်း ကိုကျော်သူ့ဘဝဟာ တစ်ဆစ်တစ်လှည့် ပြောင်းခဲ့တာပါလို့ ကိုကျော်သူက ဖွင့်ဟဝန်ခံထားပါတယ်။

## တရားချစ်ခင် စိတ်ကောင်းဝင်

သမီးကလေးက ငယ်ငယ်ဖြစ်ပေမယ့် ခပ်ပေါ့ပေါ့မနေဘူး။ အမြဲတမ်း နှလုံးသားမှာ တရားမွေ့နေတယ်။ အင်းစိန်ဓာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇)၊ အောင်ဆန်းတောရတပိဦးကျောင်းတိုက်ကြီးနှင့် သထုံမြို့ အောင်ဆန်းမိုးကုတ်ရိပ်သာခွဲ နန္ဒဝန်ကျောင်းတိုက်၏ ဦးစီးပဓာန မဟာနာယကပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (အဂ္ဂမဟာကမ္မဋ္ဌာနစရိယ)ရဲ့ တရားစခန်းမှာ တရားပတ်ဝင်တယ်။ အားထုတ်တယ်။ အဲဒီတုန်းက ကိုကျော်သူ့သမီးက အနီးကပ် လျှောက်ထားခဲ့သတဲ့။

မေးမြန်းလျှောက်ထားတာက ...



www.burmeseclassic.com

www.burmeseclassic.com



"အနုပညာသမားတွေ သေဆုံးရင် ဘယ်ဘုံဘဝကို အများဆုံး ရောက်ပါသလဲ" 'တဲ့။

ဒီတော့ ဆရာတော်ကလည်း မြတ်စွာဘုရားဟောကြား ခဲ့တဲ့ တရားတော်ကို အခြေခံပြီး ...

"အနုပညာသမားတွေ သေဆုံးတဲ့အခါ ပဟာသ ငရဲကို ရောက်တယ်လို့ သိရတယ်" လို့ ဟောတယ်။ ပြီးမှ "ဇာတ်ခုံပေါ်မှာ ပရိသတ်ကို ငိုအောင်လုပ်လိုက်၊ ပရိသတ်က လိုက်ငိုလိုက်၊ ဒေါသထွက်အောင် လုပ် လိုက်ရင် ပရိသတ်က ဒေါသထွက်တယ်။ ဒီလိုပါပဲ။ ရုပ်ရှင်ကလည်း ပိတ်ကားပေါ်ကနေ ပရိသတ် ငိုနိုင်း၊ ရယ်နိုင်း၊ ဒေါသထွက်နိုင်း၊ ပေါက်ကွဲနိုင်း၊ ကြေကွဲ နိုင်းနဲ့ အများသူငါကို ခံစားစေအောင် လုပ်တဲ့အတွက် ပဟာသငရဲကို ကျနိုင်တယ်ဆိုတာ သိခဲ့ရတယ်"

လို့ သမီးရဲ့အမေးကို ဆရာတော်က အဲသလိုဖြေကြား လိုက်တယ်ဆိုရင်ပဲ ကိုကျော်သူ သတိသံဝေဂ ရသွားတယ်။ အစ က ကိုယ်နာမည်ကြီးအောင် ဘယ်လိုလုပ်မယ်၊ ကိုယ့်အနုပညာကို ဘယ်လိုလုပ်မယ်၊ အဲဒါတွေပဲ ခေါင်းထဲ အမြဲထည့်ထားတာတွေ နောင်တရသွားမိတယ်လို့ ဆိုပါတယ်။





အကယ်ဒမီဒွေးရဲ့ ကျေးဇူးကို ဘယ်တော့မှမမေ့

ချောင်းသာတွင် ဇာတ်ကားသွားရိုက်တုန်းကလည်း ကို ကျော်သူ အသက်အန္တရာယ်ရောက်တော့မယ့်အဖြစ်ကို ကိုကျော်သူ မေ့မရ။ အဲဒီအဖြစ်ကို ပြောပြရာတွင်လည်း ရင်ထဲရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းပါပဲ။

"ကိုသားကြီးက ကျွန်တော့်ရဲ့ အသက်သခင် ကျေးဇူးရှင်ပါ။ ကျွန်တော် သတိမေ့နေတဲ့အချိန် အသက်ကယ်ဆေး ရှာပေးခဲ့တယ်။ အဲဒီတုန်းကဖြစ် တာက ချောင်းသာမှာပါ။ ဒါရိုက်တာ ကိုအောင်မင်း သိမ်းနဲ့ ဇာတ်ကားရိုက်တော့ တစ်နေကုန် ရေထဲမှာ ဆင်းရိုက်ရတာ။ ရေတွေ လှိုင်းတွေထဲမှာ စည်ပိုင်းတွေ ဆင်းဆယ်ရတာမျိုးတွေ ရိုက်ရတယ်။ ကားရိုက်ပြီး တော့ ရေမိုးချိုးပြီး နည်းနည်းပါးပါးသောက်တယ်။ သောက်ပြီးချိန်မှာ စက်အဖွဲ့က သောင်ပြင်ပေါ်မှာ ဆောလုံးကန်မယ်ဆိုတာနဲ့ ဝင်ကန်တယ်။ ပြီးတော့ မောမောပန်းပန်းနဲ့ ပြန်သောက်တယ်။ သောက်ပြီး လုပ်ချင်ရာလျှောက်လုပ်တော့ နှစ်ပင်လိမ်သွားတယ်။ အဲဒီမှာ ပင်ပန်းပြီး ဖျားချင်နေတဲ့အရှိန်နဲ့ ပေါင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှော့ခ်ဖြစ်သွားတယ်။ ဘာကိုမှ သတိမရတော့ဘူး။

အဲဒီတုန်းက ချောင်းသာမှာ ကားရိုက်ဖို့ ကိုယ်က အရင်ရောက်ပြီး ရှော့ခ်ဖြစ်နေတာ။ အသက်လည်း မရှူတော့သလို၊ နှလုံးလည်း မခုန်တော့ဘူးလို့ သိရတယ်။ ဝိုင်းဝန်းပြုစုကြတယ်။ ဘယ်လိုမှ လုပ်လို့မရတော့တဲ့ အချိန်မှာ သားကြီး (ဒွေး)က သူ့ကားနဲ့ ရောက်လာပြီး ချောင်းသာဆိုတဲ့ နေရာကျဉ်းကျဉ်းလေးမှာ အသက်ကယ်ဆေး မရမကရှာပေးတယ်။ သူနာပြုဆရာမတစ်ယောက်နဲ့ အသက်ကယ်ဆေး ထိုးပေးခဲ့တယ်။ ပြီးတော့ ဆေးရုံတင်ပို့ပေးခဲ့ကြတယ်။ ဆေးရုံတင်ဖို့ သွားတဲ့အချိန် ပုသိမ်ဘက်ရောက်မှ နှလုံးနည်းနည်း ပြန်ခုန်တာလို့ သိရတယ်။ ဘာကိုမှ သတိမရတော့ဘူး။ သတိရတဲ့အချိန်မှာ နှာခေါင်းပိုက်တွေ၊ ဆီးပိုက်တွေတန်းလန်းနဲ့ ဆေးရုံပေါ် ရောက်နေတယ်ဆိုတာ သိလိုက်ရတယ်။ ဒါကြောင့် သားကြီးက ကိုယ့်ရဲ့ အသက်သခင် ကျေးဇူးရှင်လို့ ပြောလို့ရတယ်။ ကိုယ့်အလှည့်က သူ ကယ်ဆယ်ပေးခဲ့ပေမယ့် သူ့





အလှည့်ကျတော့ မကယ်လိုက်နိုင်တာ စိတ်မကောင်းဘူး။"

ကိုကျော်သူက ဝမ်းပန်းတနည်းဆိုတာကို သတိထားမိတယ်။ အသက်သခင်ကျေးဇူးရှင် ဒွေးရဲ့အသက်ကို အချိန်မီကယ် ဆယ်ခွင့်မရလိုက်တာကိုလည်း သူ ရင်မှာ တနုံ့နုံ့ရှိနေမှာ အမှန်ပဲ လို့ ယုံကြည်ရပါတယ်။

**အမျှဝေ၊ သာဓုခေါ်၊ မုဒိတာပွား ဆိုတာ**
**သူတော်ကောင်းအလုပ်ပါ ကိုကျော်သူ...**

တဲ့လှည့်၊ တဲ့ပြန်၊ ကျေးဇူးတစ်ဖန် မပြုလိုက်ရပေမယ့် ကိုကျော်သူ့အမျှဝေသံ၊ သာဓုခေါ်သံကိုတော့ ကြားကောင်းကြားနိုင်ကြလိမ့်မယ် ထင်ပါတယ်။ သွားနှင့်သူတွေအတွက် ကိုကျော်သူ့ပရဟိတလုပ်ဆောင်မှုတွေ သက်သေခံနေတယ် မဟုတ်ပါလား။

ကိုကျော်သူ့ ရင်တွင်းစကားထဲမှာ ...

"ဘိုးတော်လုပ်ဖို့ မဟုတ်ဘူး၊ နေ့တိုင်း ဘာသာရေးတရား ကျင့်ကြံအားထုတ်ရတယ်။ ဘာကြောင့်လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အရင်ကဆိုရင် ကျွန်တော့်ကိုချစ်တဲ့ ပရိသတ်တွေ ရှိသလို၊ အခုလည်း ကျွန်တော့်နားမှာ ကျွန်တော့်ကို ချစ်ခင်တဲ့ မကျွတ်မလွတ်သူတွေ ရှိနေတယ်။ သူတို့အတွက် နေ့တိုင်း ပုတီးစိပ်ပြီး အမျှဝေပေးရတယ်။ ပင်ပန်းလို့ တစ်ရက်လောက် အိပ်လိုက်ရင် အမျိုးမျိုးသတိပေးကြတယ်။ ခုတင်လာလှုပ်တာတွေ ရှိတယ်။ ဒါကလည်း ကျွန်တော့်ကို ချစ်လို့၊ အားကိုးလို့ လုပ်ကြတာပါ။ ကိုယ့်မှာက အင်အားဆိုလို့ ဒါပဲရှိတယ်။ တစ်ခုခု ပြဿနာအကြီး အကျယ်တက်တယ်ဆိုရင် ကျွန်တော်နဲ့ရင်းနှီးတဲ့ လူကြီးအသိုင်းအဝိုင်းလည်း မရှိဘူး။ ဘယ်သူ့ကိုမှလည်း အားကိုးလို့ မရဘူး။ ကိုယ့်ရဲ့သီလကို အားကိုးတယ်။ အမှန်တရားကို သစ္စာဆိုပြီး အရာရာကို ရင်ဆိုင်ခဲ့ရတာပါ”

လို့ ပါပါတယ်။ ဒီစကားဟာ သစ္စာကြီးမားသူတွေအတွက် အင်မတန်မှ လေးနက်တဲ့စကားပါပဲ။ မယုံကြည်လို့မရနိုင်ပါဘူး။ ဇာတ်တော်၊ နိပါတ်တော်တွေထဲမှာ သစ္စာစကားဆိုခဲ့ဖူးတဲ့ သာဓကတွေ အများကြီးတွေ့ရမှာပါ။ အောင်လည်းအောင်မြင်ခဲ့တာချည်းပဲလေ။





ကိုကျော်သူ့ စရဏအလုပ်က ဘယ်အထိ ခရီးရောက်နေပြီကို ဘယ်သူသိနိုင်ပါ့မလဲ။ ကာယကံရှင်ပဲ သိနိုင်၊ မြင်နိုင်၊ ကြားနိုင်တဲ့အဆင့်ပါ။ ကိုယ်ကျင့်သီလရှိမှ ပေါက်မြောက်နိုင်တဲ့ အလုပ်လို့ အကြမ်းအားဖြင့် သိထားရရင် လုံလောက်ပြီလို့ယူဆပါတယ်။

ဟုတ်ပါတယ်။

ဟိုယခင်တုန်းကဆို ကိုကျော်သူဟာ ပြည်သူချစ်တဲ့ အနုပညာရှင်တစ်ယောက် ဖြစ်ပါတယ်။ ခုတော့ဖြင့် ကိုကျော်သူဟာ အများပြည်သူတွေ အားထားရတဲ့ ကိုကျော်သူ ဖြစ်နေရပါပြီလို့ ဆိုလိုက်ပါရစေတော့နော်။



www.burmeseclassic.com

www.burmeseclassic.com

"ရွှေအယူသီးပြီး ...
နားမလည်တဲ့ အနုပညာရှင်တွေက ကျော်သူနဲ့တွဲရင်
လာဘ်ပိတ်တယ်၊ နာမ်အနိမ့်ခံရတယ်လို့
ထင်နေကြတယ်။ အဲဒီလိုသာဆိုရင်
ကျော်သူ သေတာကြာပြီ။
ဘယ်နိုင်ငံကမှ ဘာဆုမှလည်း ပေးမှာမဟုတ်ဘူး။
မြန်မာတစ်ပြည်လုံးက အယူသီးကြတယ်။
အခုတော့ နားလည်လာတဲ့ အနုပညာရှင်တွေက
ကျွန်တော့်ဆီလာပြီး လှူဒါန်းကြပါတယ်။
ဘယ်အလုပ်ကိုမဆို မှန်မှန်ကန်ကန် လုပ်ဖို့လိုတယ်။
တိုက်ချင်ခိုက်ချင်လို့
နာမည်ကြီးချင်လို့ လုပ်နေကြရင်
မကောင်းဘူး။"



## ကိုကျော်သူ၏ဘဝပုံရိပ်များ

နာမည်ရင်း ကိုကျော်ဝင်း (ခ) မောင်မောင်။

မွေးသက္ကရာဇ် - ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ၊ (၂)ရက် [၁၃၂၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ (၃)ရက်၊ တနင်္လာနေ့] တွင် ရန်ကုန်မြို့၌ ဖွားမြင်ပါတယ်။ မြန်မာ၊ ဗုဒ္ဓဘာသာပါ။

အလုပ်အကိုင်က ရုပ်ရှင်၊ သရုပ်ဆောင်၊ ဒါရိုက်တာ အဖြစ်နဲ့ ၁၉၈၄ ခုနှစ်ကနေ ယနေ့အထိပါပဲ။ ဇနီးကတော့ တက္ကသိုလ်ပညာသင်ကြားစဉ် မမြင့်မြင့်ခင်ဖေ (ခ) ရွှေဇီးကွက် နဲ့ အိမ်ထောင်ပြုခဲ့ပါတယ်။

သားသမီးနှစ်ဦး ထွန်းကားတယ်။ သား ပြည်သိမ်း ကျော် နဲ့ သမီး မြင့်မိုရ်ဦးတို့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ရရှိထားတဲ့ ဆုများ

၁၉၉၄ ခုနှစ်တွင် 'တပြည်သူ မရွှေထား'

၂၀၀၃ ခုနှစ်တွင် 'အမေ့နို့ဖိုး'

စတဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ရရှိခဲ့ဖူးတယ်။

ကိုကျော်သူအနေဖြင့် ၁၉၈၀ ပြည့်လွန်နှစ်များနဲ့ ၁၉၉၀ ပြည့်နှစ်များမှာဆိုရင် မြန်မာ့ရုပ်ရှင်လောကမှာ အထင်ရှားဆုံး ရုပ်ရှင်သရုပ်ဆောင် ဖြစ်ခဲ့သလို၊ ဒါရိုက်တာတစ်ဦးအဖြစ်လည်း ထင်ရှားခဲ့ပါတယ်။

ကိုကျော်သူ ပါဝင်ရိုက်ကူးခဲ့ဖူးတဲ့ ရုပ်ရှင်ဇာတ်ကား ပေါင်း (၂၀၀)ကျော် ရှိပါတယ်။

၂၀၀၀ ပြည့်လွန်နှစ် စောစောပိုင်းကစပြီး ဆင်းရဲသား ပြည်သူပြည်သားအများစုဘက်မှ ရပ်တည်ကာ လူမှုရေး လုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့သူ ဖြစ်ပါတယ်။ အဲ့သလို လုပ်ကိုင်ဆောင်ရွက်ရင်း မြန်မာစစ်အစိုးရရဲ့ လုပ်ရပ်အမှားများ အပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူလည်း ဖြစ်တယ်။





## ဘဝအစောပိုင်း

ဖခင် ဦးစိန်တင်နှင့် မိခင် ဒေါ်မြသန်းတို့မှ ဖွားမြင်ပါတယ်။ စာပေးစာယူ ရူပဗေဒအဓိကဘာသာဖြင့် နောက်ဆုံးနှစ်ထိ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ခဲ့ပါတယ်။

လှိုင်တက္ကသိုလ် တက်ရောက်ရင်း မြင့်မြင့်ခင်ဖေ (ရွှေဇီးကွက်)နဲ့ တွေ့ဆုံပြီး တက္ကသိုလ်နောက်ဆုံးနှစ် ၁၉၇၈ ခုနှစ်တွင် လက်ထပ်ခဲ့ကြတယ်။ သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားကြပါတယ်။ သားပြည်သိမ်းကျော်၊ သမီး မြင့်မိုရ်ဦး ပါပဲ။

၁၉၈၄ ခုနှစ်မှာ 'ချစ်ကြိုးလေးနှစ်မျှင်' ဇာတ်ကားမှာ စတင်ပါဝင် ဇာတ်ကားပေါင်း (၂၀၀)ကျော် ရိုက်ကူးခဲ့ပြီးပြီ။ နှစ်ပေါင်း (၂၀)ကျော်အတွင်း ဇာတ်ကားကြီး (၆)ကား ရိုက်ကူးနိုင်ခဲ့ပါတယ်။

၁၉၉၄ ခုနှစ်မှာတော့ 'တပြည်သူမရွှေထား' ဇာတ်ကားတွင် အကောင်းဆုံးဇာတ်ဆောင်ဆုကို ရရှိခဲ့တယ်။ အကယ်ဒမီများ မြန်မာ့ရုပ်ရှင်အစည်းအရုံးရဲ့ သဘောဆန္ဒအရ ဆောင်ရွက်ခဲ့ပါမှ ကိုကျော်သူအဖို့ ဒီထက်မျှမက ဆုများ ရရှိနိုင်မယ်လို့ သိရပေတယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၄ ခုနှစ်ထိ ဝါဒဖြန့်ဇာတ်ကားများ မရိုက်ကူးလို့လို့ အပြတ်ငြင်းပယ်ခဲ့တယ်။ ဒါကြောင့် ၁၉၉၃ ခုနှစ်မှာ လူကြိုက်များပြီး ချီးကျူးခြင်းကို ခံခဲ့ရတဲ့ ဇာတ်ကားတစ်ကားကို ရိုက်ကူးခဲ့ပေမယ့် ဆုများ မရရှိခဲ့ပါဘူး။

၂၀၀၃ ခုနှစ်များမှာ **'အမေ့နို့ပိုး'** နဲ့ အကောင်းဆုံးဒါရိုက်တာဆု ရခဲ့တာပါ။ ၂၀၀၇ ခုနှစ်၊ ရွှေဝါရောင်တော်လှန်ရေးမှာ ကူညီမှုကြောင့် ဖမ်းဆီးခံခဲ့ရသေးတယ်။ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလတွင် HIV (AIDS) ဆန့်ကျင်ရေးဇာတ်ကားတစ်ကား **အကြွင်းမဲ့ လုံ့ရုံရ (A-kywin-mē longyon-ya)** ပါ။ ဒီဇာတ်ကားကို ဆင်ဆာအဖွဲ့ ခွင့်မပြုခဲ့ပါပေ။

## လူမှုရေးလုပ်ငန်းများနဲ့ နိုင်ငံရေး

ကိုကျော်သူအနေဖြင့် ဆင်းရဲသားပြည်သူများရဲ့ အကျိုးစီးပွားကို အစဉ်ရှေ့ရှုဆောင်ရွက်ခဲ့ပါတယ်။ နာရေးကူညီမှုအသင်း (ရန်ကုန်)ကို ၂၀၀၁ ခုနှစ် စတင်ကတည်းက ပါဝင်ခဲ့တယ်။ ဒုဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ရာ ယနေ့ထိပင် ဖြစ်ပါတယ်။





## နာရေးကူညီမှုအသင်း စတင်တည်ထောင်

ထင်ရှားသော စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ ဦးသုခနဲ့ အတူတွဲပြီး ကျော်သူနဲ့ ဇနီးတို့က နာရေးကူညီမှုအသင်း (ရန်ကုန်) ကို တည်ထောင်နိုင်ခဲ့ပါတယ်။ အဖွဲ့ရဲ့ ရည်ရွယ်ချက်ကတော့ လူမျိုးမရွေး၊ ဘာသာမရွေး နာရေး၊ လူမှုရေး အခမဲ့ ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။

၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှစလို့ လူမျိုးဘာသာမရွေး အဆင့်အတန်း မခွဲခြားခဲ့ဘဲ နာရေးကူညီမှုကို အခမဲ့ စေတနာထားပြီး ဆောင်ရွက်ပေးခဲ့တယ်။

ပန်းပုဆရာကြီးဦးဟန်တင်ရဲ့ ရုပ်ကလာပ်ကို ကိုယ်တိုင်ကားမောင်းလို့ ပို့ဆောင်သင်္ဂြိုဟ်ပေးခဲ့။ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလမှစပြီး ၂၀၁၂ ခုနှစ်၊ နာရေးကူညီမှုအသင်းမှ နာရေးကိစ္စ ၁၂၀,၀၀၀ ကို အခမဲ့ဆောင်ရွက်ပေးပြီး ဖြစ်တယ်။

ယခုအခါမှာလည်း နေ့စဉ် နာရေးကိစ္စ ၄၀ ကို တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

၂၀၀၃ ခုနှစ်မှစပြီး နာရေးကူညီမှုအသင်းက ရန်ကုန်မြို့တွင် ဆင်းရဲသားရပ်ကွက်များတွင် ဆေးဝါးကုသမှုစရိတ်များ ထောက်ပံ့ခဲ့တယ်။ ၂၀၀၇ ခုနှစ်၊ ဧပြီလမှစပြီး သူ့အခမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းကို ဖွင့်ခဲ့။ သူနာပြုဝန်ထမ်း၊ စေတနာဝန်ထမ်း၊ ဆရာဝန်ကြီးနဲ့ ခွဲစိတ်ကုဆရာဝန်များ အကူအညီ ရရှိခဲ့ပါတယ်။

၂၀၁၃ ခုနှစ်၊ မတ်လစာရင်းအရ နာလူပေါင်း ၁၄၃,၀၀၀ ကို ပြုစုကုသပေးခဲ့ရပေတယ်။ အလားတူ ဆေးခန်းကြီးများကိုလည်း ပြည်၊ ကြို့ပင်ကောက်တို့မှာပါ ဖွင့်နိုင်ခဲ့ပါတယ်။

## သံဃာ့အရေးအခင်းနဲ့ပတ်သက်လို့

၂၀၀၇ ခုနှစ်၊ သံဃာ့အရေးအခင်းတွင် ထင်ရှားစွာပါဝင်ကူညီခဲ့တာကြောင့် ကိုကျော်သူနဲ့ ဇနီးကို (၇)ရက် ထိန်းသိမ်းခံခဲ့ရပါသေးတယ်။ အဲဒါကို အကြောင်းပြပြီး ကိုကျော်သူကိုလည်း သူ့အနုပညာလုပ်ငန်းဖြစ်တဲ့ ရုပ်ရှင်ရိုက်ကူးခွင့်ပါ ပိတ်ပင်ခဲ့ပါတယ်။

## ထောက်ပံ့ခဲ့တဲ့ အကျိုးပြုလုပ်ငန်းများ

နာရေးကူညီမှုအသင်းရဲ့ အကျိုးပြုခဲ့သမျှ လုပ်ငန်းများကတော့ သုခအလင်းစာကြည့်တိုက်၊ အခမဲ့ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းကို ဖွင့်လှစ်ပေးခဲ့။





သဘာဝဘေးဒဏ်သင့်ဒေသများဆီသို့ သွားရောက်ပြီး အရေးပေါ်ကူညီမှုများ ဆောင်ရွက်ပေးခဲ့ပါတယ်။

ယနေ့ထိလည်း ကိုကျော်သူအနေနဲ့ စိတ်၊ စေတနာ၊ မေတ္တာအပြည့်ဖြင့်ပင် အလှူရှင်များ၊ စေတနာရှင်ဝန်ထမ်းများ၊ ပြည်သူများနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သယ်ပိုးနေဆဲပဲ ရှိနေပါသေးတယ်။

၂၀၀၈ ခုနှစ်၊ မေလတုန်းက နာဂစ်မုန်တိုင်း အကြီးမားဆုံး ဒုက္ခပေးခဲ့ပါတယ်။ အဲဒီအရပ်ဒေသ၊ ရပ်ရွာတို့ဆီကို ကိုကျော်သူ အပြေးအလွှားသွားခဲ့ပြီး ကယ်ဆယ်ရေးနဲ့ ထောက်ပံ့ရေးလုပ်ငန်းများ တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်တာကို တွေ့မြင်ခဲ့ရပါတယ်။

၂၀၀၈ ခုနှစ်၊ ဇွန်လစာရင်းအရဆိုရင် နာရေးကူညီမှုအသင်းကြီးရဲ့ သဘာဝဘေးဒဏ်သင့်သူများအတွက် ကျပ်ငွေသန်းပေါင်း ၅၀၀ ကို ထောက်ပံ့ကူညီခဲ့တယ်လို့ သိကြရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ကူညီဆောင်ရွက်ခဲ့သမျှ

လူမှုရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ခဲ့တာများ ကတော့ ...

နာဂစ်ဒုက္ခသည်များ ကယ်ဆယ်ရေး၊ သောက်ရေ သုံးရေ ရရှိရေး၊ ရေတွင်းနဲ့ ရေကန်များကို ရေရှားပါးတဲ့ ဒေသများမှာ ကူညီခဲ့တယ်။ မင်္ဂလာတောင်ညွန့်မြို့နယ်နဲ့ လှိုင်သာယာမြို့နယ်က မီးဘေးကိစ္စများ၊ ကချင်ပြည်နယ် စစ်ပြေးဒုက္ခသည်များ၊ ရခိုင်ပြည်နယ် ဒုက္ခသည်များကိုလည်း ကူညီထောက်ပံ့ခဲ့ပါသေးတယ်။

လက်ပံတောင်းတောင်အရေးအခင်းကိစ္စတွင် သံဃာတော်များ ဒဏ်ရာရလို့ ဆေးဝါးကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့။ မိတ္ထီလာလူမှုရေးကိစ္စ၊ အကြမ်းဖက်ကိစ္စ၊ ဒုက္ခသည်များကိုလည်း ဆေးဝါးနဲ့ အစားအစာများ ထောက်ပံ့ခဲ့ပါတယ်။

## နိုင်ငံတကာ အသိအမှတ်ပြုနဲ့ ဆုများ

၂၀၀၉ ခုနှစ်၊ ဧပြီလတွင် လန်ဒန်မြို့ရှိ မြန်မာလူမျိုးများက **'ဘဝတူ ပြည်သူများဘက်မှရပ်သူ အနုပညာရှင်'** ဆုကို ပေးခဲ့ကြပါတယ်။ ၂၀၁၀ ခုနှစ်၊ ဧပြီလမှာတော့





ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံပေါင်း (၄၀)ကျော်မှ **'မြန်မာတို့မှ မြန်မာနိုင်ငံသား'** ဆု၊ **'ပြည်သူ့ဂုဏ်ရည် (၂၀၁၀ ခုနှစ်)'** ဆုကိုလည်းကောင်း၊ ဇမာန္တေလအသင်းတော်မှ **'D.H.S.S'(၂၀၁၁ ခုနှစ်)** ဘွဲ့ကိုလည်းကောင်း ရရှိထားပါတယ်။

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် အမေရိကန် ဝါရှင်တန်မြို့တော်က **'အမျိုးသားဒီမိုကရေစီထိန်းသိမ်းရေး'** ဆုဖြင့် ပေးအပ်ဂုဏ်ပြုခဲ့။ ၂၀၁၃ ခုနှစ်တွင် **'မေတ္တာရှင် ပရဟိတစံပြ'** ဆုလည်း ရရှိခဲ့ပါတယ်။

**မောင်ရွှေခေတ်**

www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းကိုး


၁။ ၁၉၈၇ ခုနှစ်၊ ဇူလိုင်လထုတ်
သစ္စာစာစောင်၊ အတွဲ-၁၊ အမှတ်-၁

၂။ First weekly ဂျာနယ်

၃။ အင်ပါယာဂျာနယ်၊ အတွဲ-၁၊ အမှတ်-၁၈၊ ၁၈.၇.၂၀၁၂

၄။ လျှပ်တစ်ပြက်ဂျာနယ်၊ အတွဲ-၃၊ အမှတ်-၈၂

၅။ Venus News မှ

၆။ ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရ၊ ကျော်သူ

၇။ အငြင်းပွား အမှတ်လွဲ လူသိနည်း
မြန်မာ့ဖြစ်ရပ် ၁၀၀၊ မောင်ကြည်သန့်


၈။ ပြည်မြန်မာဂျာနယ်၊ ၃၁.၁၀.၂၀၁၃

၉။ မြတ်မင်္ဂလာစာစောင်
အတွဲ-၂၉၊ အမှတ်-၈၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ။

၁၀။ ရောင်နီသတင်းဂျာနယ်
၂၀၁၄၊ ဇန်နဝါရီလ၊ (၉)ရက်

၁၁။ First weekly , 18.5.2012


မင်းလက်ရာစာပေ




www.burmeseclassic.com